မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂၁)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေးအရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်၊ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ်မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူပြည်သားအပေါင်းတို့ခင်ဗျား**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်တွင် ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ဤသမိုင်းဝင် နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏မျိုးချစ်စိတ်နှင့်ဇာတိမာန်ရှင်သန်တက်ကြွလာစေရန် သန္ဓေတည်ပေးခဲ့သောနေ့တို့ဖြစ်ခြင်းကြောင့် မြန်မာပြည်သူပြည်သားအားလုံး မမေ့အပ်သည့်နေ့ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏အကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကိုထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင်

စာမျက်နှာ ၅ ကော်လံ ၁ ★

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁၉၂ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ဝဏ္ဏလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | သက်ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | မျိုးကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | အောင်ဆန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | မျိုးဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | တင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးကြီး | ဇော်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးကြီး | ကြည်ရွှင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူးကြီး | ဆန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီး | သန့်စင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်မှူးကြီး | အောင်ဇော်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဒုတိယဗိုလ်မှူးကြီး | ဇေယျာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး | ငြိမ်းချမ်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး | သူရိန်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီး | မိုးစည်သူကြိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ဇော်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | ထက်မြတ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | ရဲလင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ဇာနည်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | မင်းမင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |

စာမျက်နှာ ၁၁ ကော်လံ ၁ ■

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်)

## အမျိုးသားရေးတာဝန်

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်သည် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်နှင့်အတူဖြစ်ပေါ်လာခဲ့သည့် မြန်မာ့သမိုင်းဝင်၊ သမိုင်းတွင်နေ့ထူးနေ့မြတ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးယခင်ဘုရင်များအုပ်စိုးစဉ်ကတည်းက ရွှေထီးရွှေနန်း ရွှေကြငှန်းနှင့်၊ ကိုယ့်အရှင်ကိုယ့်ဘုရင်နှင့် ဘုန်းမီးနေလတောက်ပခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ မြေသယံဇာတ၊ ရေသယံဇာတ၊ တွင်းထွက်သယံဇာတ၊ သစ်တောသယံဇာတ စသည့်သယံဇာတမျိုးစုံအပြင် အသားငါးနှင့်ကောက်ပဲသီးနှံ ဆန်ရေစပါးပေါ်များကြွယ်ဝသောနိုင်ငံလည်းဖြစ်သည်။ ထိုသို့ကောင်းခြင်းအဖုံဖုံနှင့် ပြည့်စုံကြွယ်ဝသော မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့ကမျက်စိကျကာ မျက်စောင်းထိုးလာသည်။ အကြောင်းမရှိအကြောင်းရှာ၊ အပြစ်မရှိအပြစ်ရှာပြီး ၁၈၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ် ကျူးကျော်စစ်သုံးကြိမ်ဖန်တီးကာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်သည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံနှင့်မြန်မာတစ်မျိုးသားလုံးကို ခေတ်မီစစ်လက်နက်များအသုံးပြုကာ အသာစီးဖြင့် သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော်မြန်မာတစ်မျိုးသားလုံး၏"သခင်မျိုးဟေ့တို့ဗမာ"ဆိုသော မြန်မာ့စိတ်ဓာတ်နှင့် မြန်မာ့ဇာတိသွေး၊ မြန်မာ့ဇာတိမာန်ကိုမသိမ်းပိုက်နိုင်ခဲ့ပေ။ တတိယကျူးကျော်စစ်ဖြင့် မြန်မာတို့၏နောက်ဆုံးဘုရင် သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့စဉ်က ဆီးဘန်းနီဆရာတော်ကြီးရေးဖွဲ့ခဲ့သည့်"ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏" ဟူသော လင်္ကာအတိုင်း"နယ်ချဲ့လက်အောက်၊ ကျွန်သပေါက်ဘဝဖြင့်နေရသည်ထက် သေရသည်ကမြတ်၏"ဟု မြန်မာတစ်မျိုးသားလုံးက ကြွေးကြော်ကာ မြန်မာ့လွတ်လပ်ရေးရအောင်ကြိုးပမ်းလာကြသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာတစ်မျိုးသားလုံး ကျွန်သက်တမ်းရှည်ရေးအတွက် ကျွန်စိတ်မွေးပေးနေသည်။ မြန်မာတစ်မျိုးသားလုံး၏အညွန့်အဖူးများကို ချိုးနှိမ်ထားသည်။ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူမပြုသည့် တစ်လမ်းသွားကျွန်ပညာကိုသာသင်ကြားပေးသည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ အကွက်ဆင်ထားသည့် ကျွန်ပညာရေးကိုကန့်ကွက်ကြသည်။ မြန်မာနိုင်ငံတွင်လည်း အိန္ဒိယနိုင်ငံနည်းတူ တက္ကသိုလ်ဖွင့်လှစ်ပေးရန်တောင်းဆိုကြသည်။ ဉာဏ်နီဉာဏ်နက်များလှသည့် နယ်ချဲ့အင်္ဂလိပ်အစိုးရက ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုးပါသော ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကိုရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းလိုက်သည်။ ထိုအက်ဥပဒေသည် လူကုံထံအသိုင်းအဝိုင်းအတွက်သာဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး တက္ကသိုလ်ပညာသင်ယူခွင့်အခွင့်အလမ်းကို ပိတ်ဆို့ထားသောအက်ဥပဒေဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံးကကန့်ကွက်ကြသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရက မြန်မာတစ်မျိုးသားလုံးကန့်ကွက်နေသော တက္ကသိုလ်အက်ဥပဒေနှင့်ပင် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ကိုဖွင့်လှစ်လိုက်သည်။ ကျောင်းတက်နေဆဲကောလိပ်ကျောင်းသားများက ငုံ့ခံမနေကြတော့ဘဲ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)တွင် ဆန္ဒပြသပိတ်မှောက်လိုက်သည်။ ထိုသပိတ်က တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်။ သပိတ်မှောက်ကျောင်းသားများ၏ ပညာရေးကိုမထိခိုက်စေလိုသော မျိုးချစ်ပညာရှိကြီးများက အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်ကိုပါဖွင့်လှစ်သင်ကြားပေးသည်။ အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်မှထွက်ပေါ်လာသော အမျိုးသားရေးအသံများသည် နယ်ချဲ့အင်္ဂလိပ်အစိုးရကို ကြောက်ဒူးတုန်အောင် ခြောက်လှန့်နိုင်ခဲ့သည့်အပြင် မြန်မာ့လွတ်လပ်ရေးရောင်နီသန်းလာသည်အထိ အောင်ပွဲခံနိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်စတင်ခဲ့သည့် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားအောင်ပွဲနေ့ဟု ဂုဏ်ပြုသတ်မှတ်ထားခြင်းဖြစ်သည်။

နှစ်စဉ်အမျိုးသားအောင်ပွဲနေ့ကို ဦးတည်ချက်များနှင့်အညီကျင်းပခဲ့ပြီး ယခု(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို "(က)တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရေး၊ (ခ)နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး၊ (ဂ)ပြည်ထောင်စုကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ (ဃ)တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေး"ဟူသည့်ဦးတည်ချက်(၄)ရပ်ဖြင့်ကျင်းပမည်ဖြစ်ရာ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး တစ်မျိုးသားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၁၁-၂၀၂၄(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ထန်းတပင်မြို့နယ်၌ ငါးနှင့်ပုစွန်မွေးမြူရေးကန်ဧရိယာ ၁၈၅၃၀ ဒသမ ၃၈ ဧကအထိရှိ



ရန်ကုန် နိုဝင်ဘာ ၂၄

ငါးထုတ်လုပ်သည့်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများမြင့်မားလာစေရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများကို နှစ်စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် ထန်းတပင်မြို့နယ်၌ ငါးနှင့်ပုစွန်မွေးမြူရေးကန်ဧရိယာ ၁၈၅၃၀ ဒသမ ၃၈ ဧကအထိရှိကြောင်း သိရသည်။

ငါး၊ ပုစွန်များ မွေးမြူရာတွင်လည်း ထန်းတပင်မြို့နယ်အတွင်း ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းရှင် ၂၇၀ ဦးရှိပြီး ငါးကန်ဧရိယာ ၁၇၆၃၂ ဒသမ ၆ ဧကနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းရှင် ၄၈ ဦးရှိပြီး ပုစွန်ကန်ဧရိယာ ၈၉၇ ဒသမ ၇၈ ဧကရှိကြောင်း သိရသည်။

ငါးများကိုမွေးမြူရာတွင်လည်း ငါးမြစ်ချင်းမျိုးများကိုသာ အဓိကထား မွေးမြူလျက်ရှိပြီး ငါးတန်၊ ငါးကြင်းနှင့် ငါးခေါင်းပွမျိုးများကို အနည်းငယ်သာထည့်သွင်းမွေးမြူလျက်ရှိကြောင်း၊ နှစ်စဉ်မတ်လ၊ ဇွန်လ၊ ဇူလိုင်လ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ငါးကန်များ၌ ငါးမျိုးများကိုထည့်သွင်းမွေးမြူလျက်ရှိပြီး တစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် ငါးကန်ဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကန်ဖော်ရာတွင်လည်း ငါးမြစ်ချင်းတစ်ကောင်လျှင် ၇၀ ကျပ်သားခန့်၊ ငါးကြင်းတစ်ကောင်လျှင် ၅၀ ကျပ်သားခန့်၊ ငါးတန်တစ်ကောင်လျှင် ၇၀ ကျပ်သားခန့်နှင့် ငါးခေါင်းပွတစ်ကောင်လျှင် ၅၀ ကျပ်သားခန့်အရွယ်ရှိကြောင်း သိရသည်။

ပုစွန်မွေးမြူရာတွင်လည်း ရေချိုပုစွန်ကိုသာ အဓိကထား မွေးမြူလျက်ရှိပြီး နှစ်စဉ် မိုးဦးကာလတွင် ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ကာ တစ်နှစ်လျှင် နှစ်ကြိမ်ကန်ဖော်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ညောင်ဦးမြို့နယ်၌ စတုတ္ထအကြိမ်မြောက် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲကျင်းပမည်

ညောင်ဦး နိုဝင်ဘာ ၂၄

ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ပါဝင်သည့် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင်ကျင်းပမည်ဖြစ်ပြီး FEI 1* Endurance Qualification Round 4(100 km)ပြိုင်ပွဲ၊ FEI 1* Endurance Qualification (85 km) ပြိုင်ပွဲနှင့် FEI 1* Endurance Qualification(45 km)ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ကာ နည်းပညာဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်မြင်းများသည် ကျန်းမာရေးကောင်းမွန်ပြီး အသက်လေးနှစ်အထက်ရှိရမည်ဖြစ်သည်။ အားကစားသမားများနှင့် မြင်းများသည် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တွင် မှတ်ပုံတင်ပြုလုပ်ထားရမည်ဖြစ်ကာ မပြုလုပ်ရသေးပါက ပြိုင်ပွဲတွင် ပြုလုပ်ပေးမည်ဖြစ်သည်။ လူနှင့်မြင်းကုန်းနှီးအပါအဝင် အနည်းဆုံးအလေးချိန် ၇၀ ကီလိုရှိရမည်ဖြစ်ပြီး အားကစားသမားများသည် ကျန်းမာရေးကောင်းမွန်ကာ တာဝေးစီးနိုင်ရမည်ဖြစ်သည်။ ထို့ပြင် အသက် ၁၄ နှစ်အထက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး အားကစားသမားများနှင့် မြင်းများသည် ပြိုင်ပွဲပြီးဆုံးသည်အထိ အတွဲလိုက်ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်သို့ ဒီဇင်ဘာလ ၁၀ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး အားကစားသမားများနှင့် မြင်းများသည် ဒီဇင်ဘာလ ၂၀ ရက် နောက်ဆုံးရောက်ရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မြင်းများကို အမြန်လမ်းမကြီးမှ သယ်ယူခွင့်ရရှိရန် သယ်ယူလိုသည့်ရက် မတိုင်မီ အနည်းဆုံးငါးရက်ကြိုတင်၍ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ထံ လိုအပ်သောအချက်အလက်များနှင့်အတူ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲတွင် ပါဝင်သော ပြိုင်ပွဲသုံးမျိုးကို ပထမ၊ ဒုတိယနှင့် တတိယဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲသို့ ကမ္ဘာ့မြင်းစီးအဖွဲ့ချုပ်(FEI)မှ ဒိုင်ချုပ်တစ်ဦးနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦး လာရောက်ကြမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းမှ တိရစ္ဆာန်ဆေးကု ဆရာဝန်များအတွက် Endurance VET Update Program ကို ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ ဖုန်း ၀၉-၇၉၅၄၀၈၀၅၂ နှင့် ၀၉-၅၁၅၈၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ဝန်းရံခ**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်နှင့် ဒေသတွင်းရှိတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် သီးနှံစုံဧက ၈၀၀၀၀ ကျော်လျာထားစိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် သီးနှံစုံဧက ၄၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။


ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့်မြေအောက်ရေတို့ကို အကျိုးရှိစွာအသုံးချ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့၊ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့ရည်ရွယ်ပြီး ပွင့်ဖြူမြို့နယ်တစ်မြို့နယ်လုံး သီးနှံစုံစိုက်ဧက ၈၅၆၁၂ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် တောင်သူတွေက သတ်မှတ်ထားတဲ့စိုက်ကေပြည့်မီအောင်ကြိုးပမ်းစိုက်ပျိုးနေကြပါတယ်။ လက်ရှိအချိန်ထိ စိုက်ပျိုးပြီးစီးတဲ့ ဆောင်းသီးနှံတွေက မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံစုံ ၂၁၁၁၄ ဧက၊ ဖူးစားပြောင်း ၁၁၂၉ ဧက၊ မတ်ပဲ၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ ပဲပုပ်နဲ့တခြားပဲ စတဲ့ ပဲမျိုးစုံဧက ၁၄၅၇၀၊ စားဖိုဆောင်သီးနှံစုံ ၁၀၆၃ ဧက၊ ဟင်းသီးဟင်းရွက်သီးနှံစုံ ၄၇၈ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၁၆၇၄ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၂ ဧက စုစုပေါင်းသီးနှံစုံ ဧက ၄၀၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းတို့ စိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် တခြားအထွေထွေစားသုံးသီးနှံများ အပါအဝင် စုစုပေါင်းသီးနှံစုံ ၈၅၆၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် သီးနှံစုံဧက ၄၀၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"ကျွန်တော့်အတွက် ဝါရမိတ္တူနှင့် ပြဿဒါးရက်များ ကုန်ဆုံးခဲ့လေပြီလား မသိ။ စေတနာမေတ္တာတရားတို့၏ တွန်းအားကြောင့်ဟုပဲထင်ပါသည်။ လုပ်သမျှအောင်မြင်လာခဲ့သည်။ ဗုဒ္ဓအဆိုအမိန့်အရ ကောင်းမှုလုပ်သူအတွက် ကောင်းကျိုးရခြင်းလို့ပဲ ခံယူမိလိုက်လေတော့သည်။ ဤပညာရေးရပ်ဝန်း ပန်းမြိုင်လယ်သို့ ရောက်ရှိနိုင်ရေးအတွက် ဘဝပြေးလမ်းပေါ်မှာ ကျွန်တော်လျှောက်လှမ်းခဲ့ရသောခြေလှမ်းများကား မရေမတွက်နိုင်ခဲ့။ သို့သော် ဥယျာဉ်မှူးမြတ်ဆရာကား နားသည်ဟူ၍မရှိ။ ပညာရည်မြင့်မားရေးခြေလှမ်းသစ်များဖြင့် ဆက်ကာဆက်ကာ လျှောက်လှမ်းနေဆဲ . . ."

**ယမန်နေ့မှအဆက်**

အ.မ .က သရက်တောင်(မြောက်) ကျောင်းအဆောက်အအုံကို စေတနာရှင်များထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းပင်ဖြစ်ပေသည်။ သဒ္ဓါကြေးကောက်ခံရာတွင် သွပ်ပြားတစ်ချပ်နိုင်လျှင် သွပ်ပြားတစ်ချပ်ဖိုး၊ တိုင်တစ်လုံးနိုင်လျှင် တိုင်တစ်လုံးဖိုးစသည်အားဖြင့် ကောက်ခံထားသဖြင့် ဆောက်လုပ်ချိန်တွင်လည်း သူ့ပစ္စည်းနှင့်သူ အလှူရှင်အမည်ကို စာရေးပေးထားပြီးဖြစ်သည်။ ကျောင်းအဆောက်အအုံကို ကျေးရွာသားများအလှူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ထားသဖြင့် ကျောင်းဆောက်လုပ်ပြီးချိန်တွင် သရက်တောင်ရွာဆရာတော် ဘဒ္ဒန္တ သုန္ဒရကိုပင့်ဖိတ်ပြီး လှူဒါန်းမှုအတွက် ရေစက်ချတရားနာယူကာ သာဓုအနုမောဒနာခေါ်ဆိုကြပါသည်။

၁၉၉၇ ခုနှစ်တွင် ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန၏ (၂၁. ၂. ၉၇) နေ့စွဲပါ စာအမှတ်ဌာနစု (၁၂)/၂၇၄၀/၅၅ အဆအ (၁၄၀၂) (၁၄၀၂) (၁၄၀၉) ခွဲဝေ ၇၇/၉၆ ဖြင့် အ.မ.က သရက်တောင် (မြောက်)အတွက် ငွေကျပ် နှစ်သိန်း ခွင့်ပြုငွေရရှိခဲ့ပါသည်။ ကျောင်းတစ်ကျောင်း တည်ထောင်ဖွင့်လှစ်သည်ဆိုရာ၌ အဆောက်အအုံအတွက် လိုအပ်ချက်မှာ အမြဲလိုရှိနေတတ်ပေသည်။ သို့ဖြစ်၍ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့်ညှိနှိုင်းပြီး ပညာရေးဌာနမှ ခွင့်ပြုငွေကျပ် နှစ်သိန်းတည်းဟူသော အသပြာကိုအသုံးပြုပြီး ကျောင်းအတွက် လိုအပ်သောစားပွဲ၊ ကုလားထိုင်၊ ဗီရို၊ စာတင်ရေးခုံစသည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြပေသည်။

● ● ● ● ● ● ●

ကျွန်တော့်အတွက် ဝါရမိတ္တူနှင့် ပြဿဒါးရက်များ ကုန်ဆုံးခဲ့လေပြီလား မသိ။ စေတနာမေတ္တာတရားတို့၏ တွန်းအားကြောင့်ဟုပဲထင်ပါသည်။ လုပ်သမျှအောင်မြင်လာခဲ့သည်။ ဗုဒ္ဓအဆိုအမိန့်အရကောင်းမှုလုပ်သူအတွက်ကောင်းကျိုးရခြင်းလို့ပဲ ခံယူမိလိုက်လေတော့သည်။ ဤပညာရေးရပ်ဝန်း ပန်းမြိုင်လယ်သို့ ရောက်ရှိနိုင်ရေးအတွက် ဘဝပြေးလမ်းပေါ်မှာ ကျွန်တော်လျှောက်လှမ်းခဲ့ရသော ခြေလှမ်းများကား မရေမတွက်နိုင်ခဲ့။ သို့သော် ဥယျာဉ်မှူးမြတ်ဆရာကား နားသည်ဟူ၍မရှိ။ ပညာရည်မြင့်မားရေး ခြေလှမ်းသစ်များဖြင့် ဆက်ကာဆက်ကာ လျှောက်လှမ်းနေဆဲ။

ကျွန်တော်ကျောင်းရှေ့ဘက်သို့လှမ်းကြည့်လိုက်၏။ ကျောင်းကစားကွင်းနှင့် ဆက်စပ်နေသော ခနိတန်းကလေးမှာ လေအတိုက်တွင် ကသုတ်ကရက်လှုပ်ခတ်သွားကြသည်။ ရွာချောင်းရေပြင်သည်လည်းခနိတန်းကို ညင်ညင်သာသာတိုးဝှေ့စီးဆင်းနေပေ၏။ ချောင်းတစ်ဖက်ကမ်း ကရွှေဝါရောင်စပါးခင်းကြီးနှင့် အဝေးမှလှမ်းမြင်နေရသော မှိုင်းပြာပြာရခိုင်ရိုးမတောင်တန်းကြီးတို့မှာ မြင်နေကျပင်ဖြစ်သော်လည်း ကျွန်တော့်အတွက် မရိုးနိုင်သော သဘာဝအလှမြင်ကွင်းပန်းချီကားချပ်ကြီးများပင်ဖြစ်နေပေတော့သည်။

ဘဝ၏စီးမျောကြောင်းကလေးများကို တွေးပြီး ကျွန်တော်၏ရင်မှာ လွမ်းမောရမှု၊ ပျော်သစ်မှုများသည် အထပ်ထပ်ရစ်ပတ်နေ၏။ အနာဂတ်နိုင်ငံတော်၏ မျိုးဆက်သစ်များအတွက် ပညာအာဟာရ ခွံ့ကျွေးပေးနေသော ကျွန်တော်၏ ကျောင်းဆရာစိတ်ထဲမှာ ဟောင်းအိုမသွားသည့်အပြင် ပို၍ပို၍ပင်သစ်လွင်နေပေတော့သည်။

■ ■ ■ ■ ■ ■ ■

**ကွက်လပ်ကလေးဖြည့်လိုက်ပြီ**

ကျေးလက်တောရွာများတွင် စာသင်ကျောင်းများသို့ ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများရောက်လာကြလျှင် အခက်အခဲတစ်ခုမှာ တည်းခိုနေထိုင်ရေးခက်ခဲခြင်းပင်ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်လည်း ဤသို့အခက်အခဲမျိုးတွေ့ကြုံခဲ့ရဖူးသည်။ ကျွန်တော်တို့ ကျွန်းစဉ်နယ်များရှိကျေးရွာရပ်ကွက်များသည် တစ်ကျွန်းတစ်ရွာတည်ရှိနေကြသည်။ မြေပြန့်လွင်ပြင်ဟူ၍ ရှားပါးသဖြင့် အိမ်များကိုလည်း မိသားစုတစ်စုစာသာဖြစ်သလို ဆောက်လုပ်နေထိုင်ကြသည်။ ဧည့်သည်တစ်ယောက်လာလျှင် အိပ်စရာ နေစရာ မရှိတော့ချေ။ အိမ်တစ်အိမ်ဆိုလျှင် အများအားဖြင့် အတွင်းတစ်ခန်း၊ အပြင်တစ်ခန်းနှင့် ထမင်းဟင်းချက်စားရန် မီးဖိုခန်းတစ်ခန်းသာ ပါဝင်ဖွဲ့စည်းဆောက်လုပ်ထားတတ်ကြသည်။ အတွင်းခန်းမှာ သား၊ သမီးများအိပ်ကြသည်။ အပြင်ခန်း ဧည့်ခန်းမှာတော့ မိကြီးဖကြီး၊ မိအိုဖအိုများအိပ်ကြသည်။ ဧည့်ခန်းသည် ဘုရားခန်းလည်းဖြစ်သည်။ ဧည့်ခန်းခေါင်းရင်းဘက်တွင် ဘုရားစင်ကလေးဆောက်လုပ်ပြီး ဗုဒ္ဓရုပ်တုကိုကိုးကွယ်ထားကြသည်။ အဆိုပါဘုရားစင်အောက်မှာပဲ မိဘများအိပ်ကြခြင်းပင် ဖြစ်ပေသည်။ နောက်ပြီး ရေးဆန်သောအိမ်များဆိုလျှင် ပြတင်းပေါက်ဟူ၍ပင်မရှိပေ။ သို့ဖြစ်၍ ကျောင်းဆရာလို ဧည့်သည်မျိုးရောက်လာလျှင် အိပ်စရာနေရာ ပေးစရာမရှိကြပေ။

နောက်တစ်ချက်က ကျွန်းစဉ်ရွာတိုင်းလိုလိုတွင် နေ့စဉ် ငါး၊ ဟင်းများဝယ်ခြမ်းစရာဈေးဟူ၍ မရှိခြင်းပင်ဖြစ်ပေသည်။ သို့ဖြစ်၍ ဧည့်သည်ကို ချက်ပြုတ်ကျွေးမွေးတည်ခင်းရန် အခက်အခဲဖြစ်ကြရလေသည်။ ဤအကြောင်းနှစ်ရပ်ကြောင့် ရွာခံအိမ်ရှင်များက ဧည့်သည်များကို အားနာစွာနဲ့ ငြင်းဆိုကြခြင်းဖြစ်ပေသည်။ နောက်ပြဿနာတစ်ခုမှာ ရွာသားအများစုမှာ မိဘရိုးရာလယ်သမားများဖြစ်ကြ၍ မိုးဦးကျ လယ်ဝင်ချိန်ရောက်လျှင် အိမ်စောင့်အဖြစ် မိအိုဖအိုများသာရွာမှာ ကျန်ခဲ့ကြပြီး တစ်ရွာပြောင်းသလိုပြောင်းသွားကြခြင်းပင်ဖြစ်သည်။ ဆောင်းအကုန်နွေအကူးတလင်းကွဲမှသာ စပါးကိုရွာသို့ သယ်ပြီး မိသားစုလိုက် ရွာသို့ပြန်ရောက်ကြသည်။ တစ်နှစ်လုံးလိုလို လယ်ထဲမှာပဲအချိန်ကုန်ကြရလေသည်။ ကျွန်းစဉ်နယ်ရှိလယ်ကွင်းများမှာ ရွာနှင့်အလှမ်းဝေးပြီး တစ်နေကုန်လှော်ခတ်သွားလာပြီးမှရောက်ကြသည်။ သို့ဖြစ်၍ မိအိုဖအိုများကိုလယ်ကွင်းထဲသို့ ခေါ်ယူသွားလျှင် ဝါတွင်းကာလဥပုသ်နေ့များတွင် ဥပုသ်သီလဆောက်တည်ရန် မလွယ်ကူဖြစ်ကြရသည်။ သို့ဖြစ်၍ မိဘများ ဥပုသ်သီလဆောက်တည်နိုင်စေရန်အတွက်ကြောင့်လည်း ရွာတွင်ချန်ထားရစ်ခဲ့ကြခြင်းဖြစ်ပေသည်။ ကျွန်းစဉ်နယ်ရှိ ရွာများတွင် အသက်အရွယ်ကြီးရင့်နေပြီး ဥပုသ်နေ့များတွင် ဥပုသ်ကျောင်းသို့မသွားလျှင် ရှက်ဖွယ်ပင်ဖြစ်သည်။

● ● ● ● ● ● ●

"ဥဩ ဥဩ ဥဩ"

ရွှက်ဝါကြွေလျော၊ နွေတစ်ကြောမှာ၊ ဥဩသံသာ၊ ပင်ကိုင်းညှာမှ၊ သံသာတေးကို သီလေပြီ။

အ.မ.က သရက်တောင်(မြောက်) ဝန်းကျင်တွင် နွေကျောင်းပိတ်ချိန်ဖြစ်၍ ဥဩတွန်သံနှင့် နွေလေရူးကြောင့် ရွက်ဝါတွေ ရုပ်တိုက်ရွေ့လျားသံမှအပ တိတ်ဆိတ်သလိုဖြစ်နေ၏။ တဖြည်းဖြည်း ရွာထဲက ကျောင်းသားမိဘများရောက်လာကြသည်။ ကျွန်တော်နှင့်ဆရာ၊ ဆရာမများရောက်သွားချိန်တွင် ကျောင်းသားမိဘများစုံသလောက် ဖြစ်နေကြပေပြီ။ ကျွန်တော်နှင့်အတူ ရောက်လာကြသော ဆရာ၊ ဆရာမများသည် ကျောင်းသားမိဘများအား ရယ်ပြုံးနှုတ်ဆက်လိုက်ကြသည်။ ဆရာ၊ ဆရာမများကရှေ့ဆုံးခုံတန်းတွင်ထိုင်ပြီး ကျွန်တော်က စားပွဲအနီးတွင် ထိုင်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## မြို့သစ်မြို့နယ် စစ်တောကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကွင်းဆင်းစစ်ဆေး



မြို့သစ် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် မြို့လုလင်ကျေးရွာအုပ်စု စစ်တောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာလ ၂၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ စစ်တောကျေးရွာ၌ VDP ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပြောကြားသည်။

စစ်တောကျေးရွာရှိ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP ရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၉၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် စစ်တောကျေးရွာရှိအိမ်ခြေ ၂၀၅ အိမ် လူဦးရေ ၉၆၅ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ကျော်ဦး**

★ **ရှေ့ဖုံးမှအဆက်**

မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာမသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ(၁)ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာဆက်လက်သင်ယူခွင့်မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ ပါဝင်သည့် ကျောင်းသားကြီး(၁၁)ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြားလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ်နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နှိုးဆွပေးခဲ့သည်။ နိုင်ငံနှင့်ပြည်သူလူထုအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက်သိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိပြည်သူများ၏လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသောဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့်အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ်ဖြစ်စေမည်ကို သတိထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့်အယူဝါဒများပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြရမည့်အချိန်အခါဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကိုအသုံးချပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန်လိုအပ်ပါသည်။ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့်အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များတတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

**❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်၊ တိုင်းရင်းသားများအချင်းချင်းအပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကိုလျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင် . . .**

**❖ ယုံကြည်မှုအပေါ် အခြေခံသောဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့်အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ် . . .**

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့်အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့် လူငယ်များပေါ်ထွက်လာစေရန် လူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာတတ်လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အသိပညာနှင့် အတတ်ပညာ ဟန်ချက်ညီမှသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားသာချက်များဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘများနှင့်ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့်အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမပေးကြရမည် ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုးထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်း ရတနာများပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟုခံယူပြီး အလေးအနက်ထားလုပ်ဆောင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့်အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့်ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့်လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် စိတ်ရှည်သည်းခံ ဇွဲသန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံမှ အားပေးကူညီထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ပါသည်။ သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးအနေဖြင့် မိမိတို့ဒေသထွက်ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော

**စာမျက်နှာ ၆ သို့**★

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

✯ စာမျက်နှာ ၅ မှအဆက်

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့်အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။

ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့်ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတမ်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေလျှော့ချနိုင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည်ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေးအရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ်မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ထူးခြားလေးမြတ်လှသည့်အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **“ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့”** ဆိုသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယအရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့် –

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး

စသည့် ဦးတည်ချက်များ အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✤ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့်အယူဝါဒများပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရမည့်အချိန်အခါဖြစ်. . .**




## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက်ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်း ကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင် ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၂၅-၁၁-၂၀၂၄)**

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲပုပ်သီးနှံ ၁၇၀၉ ကေစိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲပုပ်သီးနှံ ၁၇၀၉ ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲပုပ် သီးနှံကေ ၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၇၀၉ ကေစိုက်ပျိုးပြီးစီးနေ ပြီဖြစ်ကြောင်း သိရသည်။

"ပဲပုပ်သီးနှံ ၁၇၀၉ ကေစိုက်ပျိုး ပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက် ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပိုးမွှား ကျရောက်မှုမရှိစေရေးအတွက် ပညာပေး တာတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေ သိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလည်း ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦး ကပြောသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ပဲပုပ်စိုက်ပျိုးပြီးစီးမှုအနေ ဖြင့် ကလေးခရိုင်တွင် ၁၂၈ ကေ၊ ခန္တီးခရိုင် တွင် ၁၃၈ ကေ၊ ဟုမ္မလင်းခရိုင်တွင် ၁၈၃ ကေ၊ နာဂဒေသတွင် ၁၁၉၂ ကေနှင့်ကသာ ခရိုင်တွင် ၆၈ ကေ စုစုပေါင်း ၁၇၀၉ ကေ တို့ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံ သီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန် ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

(၄၀၉)



# သရက်မြို့၌ အမှတ်(၁)အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်အထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

**သရက် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်အထိမ်းအမှတ်ဖွင့်ပွဲကို နိုဝင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ရွှေဦးစွာ ရာပြည့်သဘင်ပွဲတော်မှခ်ဦး အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ရာပြည့်သဘင် ကျင်းပရေး ဂုဏ်ထူးဆောင်နာယက ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့ အား ဂုဏ်ပြုဆုငွေများပေးအပ်ကာ စုပေါင်းအမှတ်တရဓာတ်ပုံများ ရိုက်ကူး ကြသည်။




ဆက်လက်၍ ရာပြည့်သဘင် အထိမ်း အမှတ်ကျောက်တိုင်အား အမွှေးနံ့သာများ ပက်ဖျန်းပေးပြီး ပြသထားသည့် ပြခန်း များအား လှည့်လည်ကြည့်ရှုအားပေးကြ ကာ ကဗျာ၊စာစီစာကုံး၊ ပန်းချီများယှဉ်ပြိုင် နေမှုအား ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏ သီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်း များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေ များကို နိုဝင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနဦးစီးမှူး ဦးမျိုးတင့်၊ ဒက္ခိဏသီရိ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ရှိသူများသည် ရဲဒိကျေးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်း များ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးသည်။

ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူ ၁၇၀ ဦးကို ရန်ပုံငွေကျပ် ၅၆၅ သိန်းအထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ကျောက်ဆည်မြို့နယ်၌ ကုန်ထုတ်လမ်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေး လျက်ရှိရာ ကျောက်ဆောက်ကုန်းကျေးရွာ၌ စိုက်ပျိုးသီးနှံကျေ၂၀၀ အတွက်အကျိုးပြုမည့် ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အဆိုပါကုန်ထုတ်လမ်းသည် ကျောက် ဆောက်ကုန်းကျေးရွာ တောင်သူများ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရာတွင် ကုန်ကျစရိတ်သက်သာလွယ်ကူစွာ ရာသီ မရွေးလုပ်ကိုင်နိုင်ရေး မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖောက်လုပ်ပေးခဲ့သော ကုန်ထုတ်လမ်း တစ်လမ်းဖြစ်ကြောင်းနှင့် ပြန်လည်ပြုပြင် ခြင်းလုပ်ငန်းများအပြင် အရှည်ပေ ၁၆၀၀၊ အကျယ်၁၂ပေ၊ထု၂ပေ၉လက်မ လမ်းပိုင်း နှင့် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထု၉ လက်မ လမ်းပိုင်းတို့ကို ဂျင်ကျောက် ခြေခင်းခြင်း၊ အကျယ် ၄ ပေ၊ အမြင့် ၄ ပေ၊ အရှည် ၁၅ ပေ Box Culvert တံတားနှစ်စင်း အသစ်ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သီးနှံမျိုးစုံ ကေ ၂၀၀ အတွက် လယ်ယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာပြီး တောင်သူများ၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ရေး၊ ရာသီမရွေးသွားလာနိုင်သော ကျေးလက် လမ်းများအဖြစ်အသုံးပြုနိုင်ရေး လုပ်ငန်း များကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဆောင်းရာသီနှင့် သွေးချိုဆီးချိုရောဂါ

ဒေါက်တာသိဂီကျော်

ဆောင်းရာသီတွင် ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်စီးဆင်းမှုကို နှေးကွေးစေပြီး သွေးချိုဆီးချိုရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများ၊ အအေးမိခြင်း၊ ရာသီတုပ်ကွေးနှင့်ဖျားနာခြင်း၊ နှလုံးရောဂါနှင့်လေဖြတ်နိုင်ခြေကို တိုးမြင့်စေသောကြောင့် သွေးတွင်းဂလူးကို့စ်ပမာဏကို မည်ကဲ့သို့ထိန်းချုပ်ရမည်ကိုသိရှိထားရန် အရေးကြီးပါသည်။ အေးသောရာသီဥတုတွင် စိတ်ဖိစီးမှုဟော်မုန်းဟုရည်ညွှန်းသော Cortisol တိုးမြင့်လာသောကြောင့် သွေးတွင်းဂလူးကို့စ်ပမာဏကို မြင့်တက်စေနိုင်သည်။ သုတေသနပြုချက်များအရ ဆောင်းရာသီတွင် သွေးချိုဆီးချိုရောဂါရှိသူများ၏ သွေးတွင်းဂလူးကို့စ်ပမာဏမြင့်တက်ခြင်းသည် ကာဗိုဟိုက်ဒရိတ်နှင့် သကြားဓာတ်များသောအစားအစာများ၊ အသင့်စားအစားအစာများကိုစားသုံးခြင်း၊ အေးသောရာသီဥတုတွင် နှင်းကျသဖြင့် အပြင်ထွက်ရန်ခက်ခဲ၍ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့်ဖြစ်သည်။ ရာသီဥတုအေးသောကြောင့် အရည်များများမသောက်ဖြစ်ခြင်းသည် သွေးတွင်းဂလူးကို့စ်ပမာဏကို မြင့်တက်စေပြီး မကြာခဏဆီးသွားခြင်းနှင့် နောက်ထပ်ရေဓာတ်ခန်းခြောက်ခြင်းတို့ကို ဖြစ်စေသည်။ ထို့ကြောင့် ဆောင်းရာသီတွင် သွေးချိုဆီးချိုရောဂါကိုထိန်းချုပ်ရန် သွေးတွင်းဂလူးကို့စ်ကို ပုံမှန်စစ်ဆေးပြီး အစားအသောက်ထိန်း၍ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ရန်၊ ရေနှင့်အရည်များများသောက်ရန် လိုအပ်ပါသည်။

### စိတ်ဖိစီးမှုနှင့်အင်ဆူလင်

ဆောင်းရာသီတွင် အအေးဓာတ်ကြောင့် ခန္ဓာကိုယ်ကို ဖိအားဖြစ်စေသဖြင့် တုံ့ပြန်မှုအနေဖြင့် ခန္ဓာကိုယ်မှ စွမ်းအင်မြှင့်တင်ရန် ထုတ်လွှတ်သော စိတ်ဖိစီးမှုဟော်မုန်း Cortisol သည် အင်ဆူလင်ထုတ်လုပ်မှုကို လျော့နည်းစေခြင်း၊ အသည်းမှ သွေးတွင်းသို့ ဂလူးကို့စ်ပိုမိုထုတ်လွှတ်ပေးရန်လှုံ့ဆော်ပေးခြင်းတို့ကြောင့် သွေးတွင်းဂလူးကို့စ်ပမာဏမြင့်တက်လာသည်။ ထို့ပြင် အင်ဆူလင်သည် ခန္ဓာကိုယ်ဆဲလ်များက သွေးတွင်းမှဂလူးကို့စ်ကိုစုပ်ယူရန် ကူညီပေးသည်။ ထို့ကြောင့် အင်ဆူလင်နည်းသောအခါ ဂလူးကို့စ်စုပ်ယူမှုလျော့နည်းသဖြင့် သွေးတွင်းဂလူးကို့စ်ပမာဏ ပုံမှန်ထက်များလာသည်။

### ဆောင်းရာသီနှင့် ကိုယ်လက်လှုပ်ရှားမှု

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအနည်းငယ်ပြုလုပ်ခြင်းသည် အင်ဆူလင်အာရုံခံနိုင်စွမ်းကို တိုးမြင့်စေသဖြင့် ခန္ဓာကိုယ်တွင်းဂလူးကို့စ်ပမာဏကို ကောင်းမွန်စွာထိန်းညှိပေးနိုင်ပါသည်။ အထူးသဖြင့် အင်ဆူလင်အသုံးပြုနေပါက အင်ဆူလင်လိုအပ်ချက်များ လျော့ကျသွားနိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု၏အကျိုးအာနိသင်သည် သွေးတွင်းဂလူးကို့စ်ပမာဏကို လေ့ကျင့်ခန်းပြုလုပ်ပြီးနောက် ၄၈ နာရီအထိ သက်ရောက်နိုင်သည်။ ထို့ကြောင့် လေ့ကျင့်ခန်းလုပ်လျှင် သွေးချိုရုတ်တရက်ကျနိုင်သောကြောင့် လေ့ကျင့်ခန်းမလုပ်မီနှင့် ပြင်းထန်သောလေ့ကျင့်ခန်းပြုလုပ်အပြီးတွင် အိပ်ရာမဝင်မီ သွေးချိုစစ်ဆေးရပါမည်။ လိုအပ်ပါက ညသန်းခေါင်မှာစစ်ဆေးရပါမည်။

'Healthy body, healthy mind' ဟူသောစကားအရ စိတ်ချမ်းသာမှ ကိုယ်ကျန်းမာမည်ဖြစ်ပါသည်။ စိတ်ဓာတ်တက်ကြွနေလျှင် ခန္ဓာကိုယ်လည်း တက်ကြွနေသည်ကိုတွေ့ရပါလိမ့်မည်။ လန်းဆန်းသောစိတ်ဖြင့် တစ်နေ့တာ၏ခက်ခဲမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး သွေးချိုဆီးချိုရောဂါကို ပိုမိုကောင်းမွန်သောအနေအထားတွင် ထိန်းချုပ်နိုင်သည်။

### နွေးနွေးထွေးထွေးနေပါ

အေးသောရာသီဥတုတွင် အအေးဒဏ်မခံစားရခင် အနွေးထည်ဝတ်ဖို့အကြံပေးချင်ပါသည်။ အေးစက်နေအောင်မစောင့်သင့်ပါ၊ ခြေအိတ်ဝတ်ပါ။ ဆောင်းရာသီတွင် နွေးနွေးထွေးထွေးနေခြင်းသည် အအေးမိခြင်း၊ တုပ်ကွေး၊ နှလုံး၊ လေဖြတ်ခြင်း၊ အဆုတ်အအေးမိခြင်းနှင့် စိတ်ဓာတ်ကျခြင်း စသည့် ပိုမိုပြင်းထန်သောကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ပါသည်။ အင်္ဂလန်ရှိ အမျိုးသားကျန်းမာရေးဝန်ဆောင်မှုစနစ်က ဆောင်းရာသီတွင် သွေးချိုဆီးချိုရောဂါကဲ့သို့ ကျန်းမာရေးအခြေအနေရှိလျှင် အိမ်တွင်ပုံမှန်အသုံးပြုသည့်အခန်းများကို အနည်းဆုံး ၁၈ ဒီဂရီစင်တီဂရိတ်ဖြင့်အပူပေးပြီး ညဘက်တွင် အိပ်ခန်းပြတင်းပေါက်များကိုပိတ်ထားရန် အကြံပြုထားကြောင်း သိရသည်။ သို့သော် လျှပ်စစ်စောင်များ၊ အပူပေးစက်များကိုအသုံးပြုသည့်အခါ သတိထားပါ။ ခြေလက်များတွင် အာရုံခံစားမှု ပြောင်းလဲမှုတစ်ခုခုရှိလျှင် မည်မျှပူသည်ကိုမသိနိုင်သဖြင့် အပူချိန်အရမ်းမြင့်လျှင် အရေပြားကို လောင်ကျွမ်းစေနိုင်သည်။

### ဆောင်းရာသီတွင် သင့်လျော်သောအာဟာရနှင့်အစားအသောက်

ဆောင်းရာသီ၏အအေးဒဏ်ကြောင့် ခန္ဓာကိုယ်တွင် ကယ်လိုရီပိုလိုအပ်ခြင်းကို သဘာဝအတိုင်းတုံ့ပြန်မှုအဖြစ် Cortisol ဟော်မုန်းများထုတ်လွှတ်သဖြင့် အစားပိုစားလေ့ရှိပါသည်။ ထို့ကြောင့် အလွန်အကျွံမစားမိစေဘဲ အာဟာရမျှတသည့်အစားအသောက်များကို စားသုံးခြင်းဖြင့် ကိုယ်အလေးချိန်နှင့် သွေးတွင်းဂလူးကို့စ်ပမာဏကို ထိန်းသိမ်းပါ။ ကာဗိုဟိုက်ဒရိတ်၊ အဆီနှင့်ကယ်လိုရီပါဝင်မှုများသော အစားအစာများကိုရှောင်ကြဉ်၍ ငါး၊ အဆီမပါသောကြက်သား၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို စားသင့်ပါသည်။ နေ့စဉ်စားသောအစားအစာများ၏ ကာဗိုဟိုက်ဒရိတ်ပါဝင်မှုကိုတွက်ရန် လိုအပ်သည်။ စားသည့်ပမာဏနှင့်ချိန်ညှိ၍ အင်ဆူလင်ကိုအချိန်မှန်မှန်ထိုးပါ။ သွေးချိုထိန်းဆေးများကို အချိန်မှန်သောက်ရန်လိုအပ်ပါသည်။ အေးသောရာသီဥတုတွင် ဟင်းရည်ပူပူ၊ စွပ်ပြုတ်များ၊ အသီးအရွက်များပါသော ဟင်းချိုများသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ခန္ဓာကိုယ်ပူနွေးစေနိုင်သဖြင့် မကြာခဏစားသောက်သင့်သည်။ ဆိုဒီယမ်နည်းသောပါဝင်ပစ္စည်းများကိုအသုံးပြုခြင်းဖြင့် ဟင်းလျာများကို ကျန်းမာရေးနှင့်ညီညွတ်အောင်စားပါ။ အသင့်စားအစားအစာနှင့် အေးခဲထားသောအစားအစာများသည် ကယ်လိုရီများ၊ ဆားနှင့်အဆီပိုများပါရှိသည်။ ကိုယ်တိုင်ချက်ပြုတ်သောအစားအသောက်များသည် ကျန်းမာရေးနှင့်ညီညွတ်သည်။ ရေဆာလျှင် ရေကိုသာသောက်ရပါမည်။ ဆောင်းရာသီတွင် ရေနွေးပူပူမကြာခဏသောက်ပါ။

> **''ဆောင်းရာသီတွင် အအေးဓာတ်ကြောင့် ခန္ဓာကိုယ်ကို ဖိအားဖြစ်စေသဖြင့် တုံ့ပြန်မှုအနေဖြင့် ခန္ဓာကိုယ်မှ စွမ်းအင်မြှင့်တင်ရန် ထုတ်လွှတ်သော စိတ်ဖိစီးမှုဟော်မုန်း Cortisol သည် အင်ဆူလင်ထုတ်လုပ်မှုကို လျော့နည်းစေခြင်း၊ အသည်းမှသွေးတွင်းသို့ ဂလူးကို့စ်ပိုမိုထုတ်လွှတ်ပေးရန် လှုံ့ဆော်ပေးခြင်းတို့ကြောင့် သွေးတွင်းဂလူးကို့စ်ပမာဏမြင့်တက်လာသည်။ ထို့ပြင် အင်ဆူလင်သည် ခန္ဓာကိုယ်ဆဲလ်များက သွေးတွင်းမှဂလူးကို့စ်ကိုစုပ်ယူရန် ကူညီပေးသည်။ ထို့ကြောင့် အင်ဆူလင်နည်းသောအခါ ဂလူးကို့စ်စုပ်ယူမှုလျော့နည်းသဖြင့် သွေးတွင်းဂလူးကို့စ်ပမာဏ ပုံမှန်ထက်များလာသည် . . .''**

### ဆောင်းရာသီ၏နေ့ရက်များနှင့် ဗီတာမင် D

ဆောင်းရာသီတွင် နေရောင်ခြည်ရရှိမှုနည်းသဖြင့် ဗီတာမင် D စားသုံးမှုတိုးမြှင့်ရန် လိုအပ်နိုင်သည်။ နေ့စဉ် နေရောင်ရချိန်တွင် အပြင်ထွက်ရန်ကြိုးစားပါ။ ဗီတာမင် D ကြွယ်ဝသော ဆယ်လ်မွန်၊ ကြက်ဥအနှစ်၊ နွားနို့နှင့်နို့ထွက်ပစ္စည်းများကို စားသောက်ရန်လိုအပ်ပြီး ကယ်လ်စီယမ်နှင့် ဗီတာမင် D ဖြည့်စွက်ဆေးများကိုလည်း စားနိုင်ပါသည်။

### သွေးချိုဆီးချိုရောဂါနှင့် ဆောင်းရာသီတုပ်ကွေး

ဆောင်းရာသီတွင် အပူချိန်နိမ့်ခြင်းသည် သွေးချိုဆီးချိုရောဂါရှိသူများကို ဖျားနာစေနိုင်သည်။ ဖျားနာခြင်းသည် ရောဂါပိုးကိုတိုက်ဖျက်ရန် ခန္ဓာကိုယ်မှ Cortisol ဟော်မုန်းများထုတ်လွှတ်သောကြောင့် သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေပြီး ထိန်းညှိရန်ခက်ခဲစေသည်။ ဆောင်းရာသီသည် ဗိုင်းရပ်စ်အများစုပျံ့နှံ့နေချိန်ဖြစ်ပြီး သွေးချိုဆီးချိုရောဂါရှိသူများသည် တုပ်ကွေးနှင့်ဆက်စပ်သော နောက်ဆက်တွဲပြဿနာများ ဖြစ်နိုင်ခြေပိုများသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုဂရုပြုရန်၊ ညစဉ် ပုံမှန် ၇ နာရီမှ ၉ နာရီခန့် အိပ်စက်အနားယူရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာစားသောက်ပြီး နွေးနွေးထွေးထွေးနေရန် လိုအပ်ပါသည်။ နှစ်စဉ် ရာသီတုပ်ကွေးကာကွယ်ဆေးထိုးခြင်းသည် တုပ်ကွေးဖြစ်နိုင်ခြေကိုလျှော့ချနိုင်ပြီး တုပ်ကွေးမိပါက ဖျားနာမှုနှင့် ပြင်းထန်မှုတို့ကိုလျှော့ချနိုင်သည်။ ထို့ပြင် အရာဝတ္ထုတစ်ခုကိုကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ရေဖြင့် အနည်းဆုံးစက္ကန့် ၂၀ ခန့် သေချာစွာပွတ်တိုက်၍ဆေးကြောခြင်းသည် ရောဂါပိုးမွှားပျံ့နှံ့မှုကိုလျှော့ချပေးသည်။

### ဆောင်းရာသီနှင့် အသားအရေထိန်းသိမ်းမှု

ဆောင်းရာသီတွင် အသားအရေခြောက်သွေ့မှုကိုဖြစ်စေသောကြောင့် ခြေထောက်၊ လက်မောင်းနှင့်လက်များတွင် အစိုဓာတ်ထိန်းခရင်မ်ကို မကြာခဏလိမ်းပါ။ ခြောက်သွေ့သောအရေပြားသည် ယားယံ၍အက်ကွဲကြောင်းများကိုဖြစ်စေနိုင်ပြီး ရောဂါပိုးကူးစက်မှုကို ဖြစ်စေနိုင်သည်။ ခြေထောက်များကိုနွေးထွေးစွာထားပါ။ အရေပြား၊ ခြေထောက်နှင့် ခြေဖဝါးပြဿနာများကို နေ့စဉ်စစ်ဆေးပါ။ အရေပြားနှင့် ခြေဖဝါးပြဿနာများကို စောစီးစွာသတိပြုမိပြီး ချက်ချင်းကုသမှုခံယူနိုင်စေဖို့ဂရုပြုပါ။

### ဆေးနှင့်ဆေးကိရိယာများကိုဂရုစိုက်ပါ

ဆောင်းရာသီတွင် ပြင်းထန်သောအအေးဒဏ်သည် ဆေးဝါးများ၊ အင်ဆူလင်ထိုးဆေး၊ သွေးချိုဖောက်တိုင်းသောစက်ကိရိယာနှင့် ဂလူးကို့စ်မော်နီတာကို ထိခိုက်စေနိုင်သောကြောင့် အလွန်အေးသောအပူချိန်နှင့် ဝေးဝေးတွင်ထားရန် အရေးကြီးပါသည်။

### ဆောင်းရာသီနှင့်ကျန်းမာရေး

ရာသီဥတုအေးသောကြောင့် ခန္ဓာကိုယ်အနှံ့သွေးစီးဆင်းမှုကို နှေးကွေးစေပြီး နှလုံးရောဂါနှင့်လေဖြတ်နိုင်ခြေကို မြင့်တက်စေနိုင်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများအတွက် အအေးနှင့်ထိတွေ့မှုကြာလျှင် နှလုံးရောဂါနှင့်လေဖြတ်ခြင်းကို ဖြစ်စေနိုင်ပါသည်။ အေးလွန်းသောရာသီဥတုတွင် သွေးပေါင်ချိန်ကိုတက်စေပြီး နှလုံးကို ဖိအားပိုတိုးစေ၍ နှလုံးရောဂါဖြစ်ပွားနိုင်ခြေ တိုးလာနိုင်ပါသည်။ သွေးချိုဆီးချိုရောဂါနှင့်အတူ နှလုံးရောဂါ သို့မဟုတ် အာရုံကြောနာကျင်ခြင်း (Neuropathy) ရှိနေလျှင် အေးသောရာသီဥတုသည် တချို့လူများအတွက် ပိုမိုဆိုးရွားစေနိုင်သည်။ ခန္ဓာကိုယ်တစ်ဝိုက်သွေးစီးဆင်းမှုကိုနှေးကွေးစေပြီး လက်နှင့်ခြေထောက်များသို့ သွေးလည်ပတ်မှုနှေးကွေးသွားနိုင်သဖြင့် အာရုံကြောများကို ပိုမိုနာကျင်စေနိုင်သည်။

ခြေထောက်တွင် အာရုံကြောရောဂါရှိနေပါက ရေနွေးအိတ်၊ လျှပ်စစ်စောင်နှင့် အပူပေးစက်တို့ကိုအသုံးပြုလျှင် အထူးသတိထားပါ။ အိပ်ရာမဝင်မီ ရေနွေးအိတ်ကိုအမြဲဖယ်ရှားပါ။ လျှပ်စစ်စောင်ကို အသုံးပြုပါက အိပ်ရာမဝင်မီ အမြဲပိတ်ပြီး သေချာစစ်ဆေးပါ။ သွေးချိုဆီးချိုရောဂါကြောင့် ခြေထောက်တွင် အာရုံခံစားမှုဆုံးရှုံးသွားပါက အလွန်ပူလောင်လာသောအခါတွင်လည်း သတိမထားမိနိုင်သောကြောင့်ဖြစ်သည်။

ဖျားနေပါက သို့မဟုတ် သွေးတွင်းဂလူးကို့စ်နည်းသောလက္ခဏာများရှိနေပါက သွေးတွင်းဂလူးကို့စ်ကို နေ့စဉ်ပုံမှန်စစ်ဆေးပါ။ ဆောင်းရာသီသည် လက်များကိုအေးစေပြီး သွေးချိုဖောက်စမ်းသပ်မှုကို ပိုမိုနာကျင်စေသည်။ ထို့ကြောင့် မစစ်ဆေးမီတွင် လက်ချောင်းများကို ပူနွေးအောင်ပြုလုပ်ပါ။ နေမကောင်းဖြစ်နေပါက သွေးတွင်းဂလူးကို့စ်ကို ပုံမှန်အတိုင်းအတာအတွင်း ထိန်းထားရန်ပိုမိုခက်ခဲလာနိုင်သည်။ ထို့ကြောင့် နေမကောင်းဖြစ်နေချိန်တွင် ဆရာဝန်နှင့်ပြသ၍အကြံဉာဏ်ရယူပါ။

အချုပ်အားဖြင့်ဆိုသော် သွေးချိုဆီးချိုရောဂါရှိသူများအနေဖြင့် ဆောင်းရာသီတစ်လျှောက်လုံး အလုံးစုံကျန်းမာရေးကိုထိန်းသိမ်းရန် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ရန် လိုအပ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှုပုံစံကိုလိုက်နာ၍ အပြုသဘောဆောင်သောဆက်ဆံရေးကိုထိန်းသိမ်းပါ။ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးပါ။ သွေးတွင်းဂလူးကို့စ်ကိုပုံမှန်စစ်ဆေး၍ လိုအပ်ပါက ဆရာဝန်နှင့်တိုင်ပင်ပါ။ အထူးသဖြင့် ချမ်းအေးသောရာသီဥတုတွင် တက်ကြွစွာနေထိုင်၍ အိမ်တွင်းကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် နွေးနွေးထွေးထွေးရှိစေရုံသာမက စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုပါ သိသိသာသာ အကျိုးပြုပါလိမ့်မည်။

# ဖူးချိုးဆလတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ



**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများ၌ အပင်အဖြစ်မြန်ပြီး ဈေးကွက်အတွင်းအမြန်ရောင်းချရသည့် ဖူးချိုးဆလတ်စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိကြကြောင်း သိရသည်။

ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများသည် မြေအောက်ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ဟင်းသီးဟင်းရွက်အမျိုးမျိုးစိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေကြကြောင်း၊ ဈေးကွက်အတွင်း အမြန်ရောက်ရှိပြီး စိုက်ပျိုးအကြီးမြန် အဖြစ်မြန်သည့် ဆလတ်အမျိုးမျိုးကိုစိုက်ပျိုးကြကြောင်း၊ ဆလတ်စိုက်ပျိုးခြင်းသည် အနံ ၂ ပေ၊ အလျား ၁၅ ပေခန့်ပေါင်တင်ပြီးကြဲပက်စိုက်ပျိုးခြင်း၊ ပျိုးကြဲပြီးမှ ပြန်လည်နုတ်ယူစိုက်ပျိုးခြင်းများရှိပြီး ဖူးချိုးဆလတ်ပင်များသည်ကြဲပက်ပြီး သုံးရက်အတွင်း အပင်ပေါက်ကာ ၄၅ ရက်အရောက်တွင် ခူးယူရောင်းချရကြောင်း လဲဂွကျေးရွာဖူးချိုးဆလတ်စိုက်ပျိုးသူ ဦးတင်ထွန်းအောင်က ပြောသည်။

ဖူးချိုးဆလတ်ပင်များသည် တစ်ဖူးချိုးပြီးတိုင်းနှစ်ဖူးမှသုံးဖူးအထိ ပြန်ထွက်လေ့ရှိပြီး နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ခူးချိုးရောင်းချရကြောင်း အမြန်ငွေပေါ်လွယ်သည့်ဖူးချိုးဆလတ်ကို ကျေးလက်တောင်သူများ စိုက်ပျိုးသင့်ကြောင်း သိရသည်။

ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများသည် ပင်ဆိုင်ဆလတ်၊ ဆလတ်ခါး၊ ရိုးရိုးဆလတ်၊ ပန်းဂေါ်ဖီ(ဆလတ်)ဖူးချိုးဆလတ်များစိုက်ပျိုးကြပြီး ဖူးချိုးဆလတ်သည် တစ်လအတွင်းအပင်ဖြစ်ထွန်းကြောင်း၊ မြေအောက်ရေသွင်းစိုက်ပျိုးသည့် ဆလတ်မျိုးများတွင် ဖူးချိုးဆလတ်သည် အပင်ဖြစ်လွယ်ကာ အမြန်ရောင်းချရခြင်းကြောင့် ငွေအမြန်ပေါ်ပြီး မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိကြောင်း သိရသည်။

**ဒီပါလင်း**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ ချေးငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုစစ်ဆေး

**ပခုက္ကူ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေကြာအပါအဝင်ဆီထွက်သီးနှံစိုက်ပျိုးသည့်တောင်သူများလိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်နှင့်သွင်းအားစုများအတွက် ငွေကြေးများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) မှ ချေးငွေများဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘဲကြီးကျေးရွာ၌ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်း စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာအပါအဝင် မြေပဲ၊ နှမ်းစိုက်ပျိုးသောတောင်သူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ ချေးငွေကျပ် ၁၉ ဒသမ ၆ သန်းကို ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုနိုင်(ကျေးလက်)**

# (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ် ပုံပြောနှင့် ပန်းချီပြိုင်ပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်၊ ပုံပြော၊ ပန်းချီပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြိုင်ပွဲကျင်းပရာ နှင်းမှုကြိုကျောင်းမှ ကဗျာရွတ်ပြိုင်ပွဲတွင် ၁၂ ဦး၊ ပုံပြောပြိုင်ပွဲတွင် ၁၂ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ အသီးသီးရရှိကြသောကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ (၄၁၃)

(၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်ဂုဏ်ပြုကဗျာ

## အမျိုးသားနေ့ သန္နိဋ္ဌာန်

- နယ်ချဲ့ခြောက်၍
  မကြောက်သည်မှာ တို့မြန်မာ။
- နယ်ချဲ့လှန့်၍
  မလန့်သည်မှာ တို့မြန်မာ။
- နယ်ချဲ့ဟန့်၍
  မတန့်သည်မှာ တို့မြန်မာ။
- နယ်ချဲ့ချော့၍
  မပျော့သည်မှာ တို့မြန်မာ။
- နယ်ချဲ့နှိမ့်၍
  မနိမ့်သည်မှာ တို့မြန်မာ။
- သြော်....
  နယ်ချဲ့ဖိနှိပ်၊ အင်္ဂလိပ်တို့
  ပုံရိပ်ထင်ကျန်၊ ဆိုးညစ်ဒဏ်ကို
  တုံ့ပြန်သွေးနိုး၊ အားစိုက်ကြိုးသည့်
  အမျိုးသားနေ့၊ ပြန်အောက်မေ့ကာ
  ဓလေ့ရိုးရာ၊ သာသနာနှင့်
  လိမ္မာယဉ်ကျေး၊ ဘာသာရေးကို
  လေးစားရိုကျိုး၊ ချစ်မြတ်နိုး၍
  အမျိုးသားရေးဝန်၊ ထမ်းရွက်ပွန်အံ့။
- အားသွန်ခွန်စိုက်၊ နှလုံးပိုက်ပြီး
  သိုက်မြိုက်ပွားစည်၊ ခိုင်ခံ့ထည်အောင်
  ရေရှည်ကောင်းကျိုး၊ ဆောင်သယ်ပိုးအံ့။
- မျိုးရိုးဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့
  သွေးဆောင်လှည့်ဖြား၊ ဘေးစကားကို
  ရှောင်ရှားဖယ်ရှင်း၊ စည်းလုံးခြင်းဖြင့်
  ဘေးကင်းရန်ဝေး၊ ငြိမ်းချမ်းအေးအံ့။
- တို့ဘေးတို့ဘိုး၊ တည်ထောင်ပျိုးသည့်
  "အမျိုးသားရေးအမွေ၊ တိုးပွားဝေအောင်
  နိုးကြားမသွေ၊ ကြိုးစားနေမည်"
  ရွှေရည်လွှမ်းလို့ ဝင်းစေသတည်း
  ဝေစည်လန်းလို့ သင်းစေသတည်း။ ။

**မောင်ငြိမ်းချမ်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၃၅ မျိုးချစ်တပ်မတော်
၅။ ၈:၂၀ ရှေးဟောင်းသုတ
၆။ ၉:၂၅ ကျန်းမာသုတ
၇။ ၁၉:၀၀ **တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၁၀)**

# ဟိုပုံးမြို့၌ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်မီးထွန်းပွဲတော်ပိတ်ပွဲကျင်းပ



ဟိုပုံး နိုဝင်ဘာ ၂၄

ဟိုပုံးမြို့၌ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီး ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်မီးထွန်းပွဲတော်ပိတ်ပွဲကို ယမန်နေ့ ည ၆ နာရီက အဆိုပါဘုရား၌ကျင်းပသည်။

ဦးစွာ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ပန်း၊ ရေချမ်း၊ ဆီမီးတို့ကိုဆက်ကပ်လှူဒါန်းပေးကြပြီး ရတနာဒီပံဆီမီးအလင်းတိုင်ထွန်းညှိပူဇော်ပေးခြင်းနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပေးကြောင်း သိရသည်။

ထို့နောက် အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မီးပုံးအကအလှဖြင့် ကပြဖျော်ဖြေခြင်း၊ ရောင်စုံငှက်ရုပ်မီးပုံးပျံနှင့် မီးပုံးငယ်များလွှတ်တင်ပေးကြပြီး လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့တို့မှ မီးပဒေသာလှည့်လည်ပူဇော်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ ယင်းနောက် မီးပဒေသာလှည့်လည်ပူဇော်ပေးသည့်အဖွဲ့များနှင့် နေ့လွှတ်အရုပ်ဆုရတိုင်းကျော်အဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြသည်။

၎င်းနောက် စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်းနှင့် မီးပဒေသာလှည့်လည်ပူဇော်ပေးကြသော နောင်ခုံးကျေးရွာ၊ နောင်တောင်းကျေးရွာ၊ တိလုံကျေးရွာ၊ လုံခုတ်ကျေးရွာနှင့် ညမီးကြီးနှစ်သိမ့်ဆုရ နဂါးပျံမီးပုံးပျံအဖွဲ့၊ ညမီးကြီးဒုတိယဆုရ မွေတော်မီးပုံးပျံအဖွဲ့၊ ညမီးကြီးပူဇော်လွှတ်တင်ပေးသည့်အဖွဲ့တို့ကို တန်ဆောင်တိုင်မီးထွန်းပွဲတော်ကျင်းပရေးနာယကများနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးကြပြီး ညမီးကြီးယမ်းမီးလွှတ်တင်ပေးကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု

၂၅-၁၁-၂၀၂၄ ရက်မှ ၁၀-၁၂-၂၀၂၄ ရက်ထိ

"အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ရပ်တန့်ဖို့ အားလုံးပေါင်းစု ကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့"

" Towards 30 years of the Beijing Declaration and Platform for Action: UNiTE to End Violence Against Women"

# အပြန်အလှန်သွင်းဂိုးများဖြင့် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကိုအနိုင်ရရှိ




လန်ဒန် နိုဝင်ဘာ ၂၄

ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့်ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဆောက်သမ်တန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၃၀ တွင် ဆောက်သမ်တန်အသင်းခံစစ်ပိုင်းအမှားမှတစ်ဆင့် ဆဘိုဇလိုင်က အဝေးကန်ချက်ဖြင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် လီဗာပူးအသင်းမှ ရော်ဘတ်ဆန်၏ကြမ်းတမ်းသည့်ဖြတ်ထုတ်မှုကြောင့် ဆောက်သမ်တန်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ကာ အမ်းစထရောင်းကကန်သွင်းခဲ့ရာ လီဗာပူးအသင်းမှ ဂိုးသမားကယ်လီဟာ ပုတ်ထုတ်နိုင်ခဲ့သော်လည်း ပြန်ထွက်လာသည့်ဘောလုံးကို အမ်းစထရောင်းကပင် ပြန်လည်ပိတ်သွင်းပြီး ဆောက်သမ်တန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် လီဗာပူးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ဖိအားပေးခဲ့သော်လည်း ဆောက်သမ်တန်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့်အကောင်းဆုံးပြန်လည်ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် အမ်းစထရောင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်က ဆောက်သမ်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် လီဗာပူးအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် တရစပ်တိုက်စစ်ဆင် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၆၅ မိနစ်တွင် ဆာလက်က လီဗာပူးအသင်းအတွက် ချေပဂိုးနှင့်ပွဲချိန် ၈၃ မိနစ်တွင် လီဗာပူးအသင်း ပယ်နယ်တီရရှိခဲ့ရာ ဆာလက်ကပင် သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ၁၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂) နေရာမှ မန်စီးတီးအသင်းကို ရမှတ် ရှစ်မှတ်ထိဖြတ်တောက်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် နိုဝင်ဘာလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်အတွင်းရှိ ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံသို့ ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟဲဟိုးမြို့ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဟဲဟိုးဓာတ်အားခွဲရုံသို့ရောက်ရှိစစ်ဆေးပြီး ယခုနှစ် စက်တင်ဘာလမှစတင်၍ ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်ခဲ့ရာ မီတာသုံးစွဲမှုယူနစ်အတွက် လျှပ်စစ်ဓာတ်အားခများ မှန်ကန်စွာကောက်ခံနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများမရှိစေရေး စစ်ဆေးဖော်ထုတ်ဆောင်ရွက်သွားရန်၊ ဓာတ်အားခများကို အလွဲသုံးစားမှုများမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများအနေဖြင့် ဓာတ်အားခများ နေ့စဉ်ကောက်ခံရရှိမှု/အပ်နှံမှုစစ်ဆေးမှတ်တမ်းတင်ရန်နှင့် ဓာတ်အားပျောက်ဆုံးမှုများလျော့နည်းရေးအတွက် ရပ်/ပျက်/နေ့မီတာများ သေချာစွာစစ်ဆေးလဲလှယ်ရေးဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ငွေလက်ခံကောင်တာဖွင့်လှစ်၍ ကွန်ပျူတာစနစ်ဖြင့် ဓာတ်အားခကောက်ခံနေမှု၊ နေ့စဉ် ဓာတ်အားခကောက်ခံငွေများအား စာရင်းများစနစ်တကျဖြည့်သွင်း၍ တာဝန်ရှိသူများမှ ကြီးကြပ်စစ်ဆေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဟဲဟိုးမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း သောကြာနေ့တိုင်း ရုံးဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကိုကြည့်ရှုအားပေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီး လေးသိန်းခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အတွင်း ဖီးကြမ်းငှက်ပျောသီးအဖီး လေးသိန်းခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူသူဝင်း၏ ပြောကြားချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက်ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကာ ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်မှ ၂၀ ရက်အထိ ဖီးကြမ်းငှက်ပျောသီးအဖီး သုံးသိန်းခန့်သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၂၀ ရက်အထိ ဖီးကြမ်းငှက်ပျောသီးအဖီး လေးသိန်းခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးများ ရောင်းအားကောင်းခဲ့ကြောင်း သိရသည်။

**သုတကျော်**

■ **ရှေ့ဖုံးမှအဆက်**

| | | |
|---|---|---|
| ၂၂။ ဗိုလ်ကြီး | ဇော်ဝင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ ဗိုလ်ကြီး | သက်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ ၇၄၆၇၄၁ | တပ်ကြပ်ကြီး မြလှိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ တတ-၁၃၃၇၆၀ | ဒုတိယတပ်ကြပ် နေသူရဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဒေါ်အေးယဉ် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ**
**စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | |
|---|---|---|
| ၁။ ယာယီဒုတိယ ရဲမှူးကြီး | မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ဒုတိယရဲမှူး | သန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ဒုတိယရဲမှူး | ဖြိုးဖြိုးဆွေ(ခ) မိုးဟိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ရဲအုပ် | ရဲအောင်ဗိုလ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ ဒုတိယရဲအုပ် | မင်းရဲထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ မ ၂၀၁၆၄ | ဒုတိယ မီးသတ်ဦးစီးမှူး ဦးသီဟအောင် | မီးသတ်ဦးစီးဌာန |
| ၇။ မ ၂၉၇၆၃ | မီးသတ် တပ်ကြပ်ကြီး ငြိမ်းချမ်းအောင် | မီးသတ်ဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယရဲမှူးကြီး | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲမှူး | ဇာနည်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ရဲမှူး | ချမ်းမြေ့ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ဗိုလ်ကြီး | မောင်ငွေ(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဒုတိယရဲမှူး | ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ ဒုတိယရဲမှူး | ချစ်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ ဒုတိယရဲမှူး | တူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ ဒုတိယရဲမှူး | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ ရဲအုပ် | ရှိန်းသူလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ ရဲအုပ် | ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ ဒုတိယရဲအုပ် | တင်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ ဒုတိယရဲအုပ် | ထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ လ ၁၅၃၅၆၂ | ရဲအရာခံ ကျော်ဆန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ မ ၂၅၂၈၅ | ဒုတိယ မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထွဋ် | မီးသတ်ဦးစီးဌာန |
| ၁၅။ ဦးရဲထွန်းဦး | ရေယာဉ်အုပ်(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၆။ မ ၃၂၁၀၈ | လက်ထောက် မီးသတ်ဦးစီးမှူး ဘရန်ဆိုင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၇။ လ ၂၇၆၄၁၅ | ရဲတပ်ကြပ် အောင်မျိုးသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ လ ၂၆၃၆၀၈ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ လ ၂၇၄၃၄၅ | ရဲဒုတိယတပ်ကြပ် အောင်ဇေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ လ ၂၇၈၈၁၀ | ရဲဒုတိယတပ်ကြပ် နေနိုင်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ လ ၂၈၀၄၈၄ | ရဲဒုတိယတပ်ကြပ် ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ လ ၂၈၁၉၆၄ | ရဲဒုတိယတပ်ကြပ် အောင်မိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ လ ၂၉၀၀၃၂ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ မောင်ဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ မောင်ချစ်ဖူးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဦးခင်မောင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ မောင်လှိုင်ဝဏ္ဏ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ မောင်ရဲရင့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ မောင်အောင်ဖြိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ မောင်သန်းတင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ မောင်ကျော်ရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ မောင်မင်းစိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ မောင်သန်းထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ ဦးပြည့်စုံထွန်း | | ကယားပြည်နယ် |
| ၃၅။ ဦးညွန့်ခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၇။ ဦးကျော်မိုးနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၈။ ဦးမြင့်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉။ ဦးသက်ဖြိုးပိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၀။ ဦးဝင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁။ ဦးအောင်နိုင်ဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ ဦးပြည့်ဖြိုးကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၃။ ဦးမြင့်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄။ ဦးအောင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ ဦးမှတ်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၆။ ဦးဇော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၇။ ဦးအောင်ကျော်ဇော | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၈။ ဦးပြည့်စုံလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ ဦးချစ်ကိုကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀။ ဦးယုနောင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ ဦးသန်းဇော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၂။ ဦးကြီးလှ | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၃။ ဦးဝင်းငွေ | | မကွေးတိုင်းဒေသကြီး |
| ၅၄။ ဦးအောင်ဘို | | မကွေးတိုင်းဒေသကြီး |
| ၅၅။ ဦးဝင်းဆွေ | | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ ဦးအောင်စီစီ | | မန္တလေးတိုင်းဒေသကြီး |
| ၅၇။ ဦးအေးနိုင် | | မန္တလေးတိုင်းဒေသကြီး |
| ၅၈။ ဦးစန်းယု | | မန္တလေးတိုင်းဒေသကြီး |
| ၅၉။ ဦးနိုင်နိုင်ထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၆၀။ ဦးအောင်မြတ်ဦး | | မွန်ပြည်နယ် |
| ၆၁။ ဦးလှမျိုး | | ရန်ကုန်တိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာ-တရုတ်"M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၄

ဂီတမှတစ်ဆင့် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုအစဉ်အလာကို ဂုဏ်ပြုကာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးကိုတိုးမြှင့်စေရန်နှင့် တရုတ်ယဉ်ကျေးမှုကို နားလည်သဘောပေါက်ရန်၊ စင်မြင့်ထက်တွင် မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်ကျင်းပသည့် မြန်မာ-တရုတ်"M. C. Song"တရုတ်သီချင်းဆိုပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Times City Jewellery Mall ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။



အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးယဉ်ကျေးမှုဌာနမှ ဌာနမှူး မစ္စတာလီချန်းကော်နှင့်ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာကြည်ရွှင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲဝင်သီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးယဉ်ကျေးမှုဌာနမှတာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှတာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကိုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မြန်မာ-တရုတ်"M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲကို၂၀၂၄ ခုနှစ် နိုဝင်ဘာလအစောပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တရုတ်ဘာသာသင်ကြားရေးစင်တာများအတွင်း ပဏာမပြိုင်ပွဲများကို ဆက်တိုက်ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်များ၏တင်ဆက်မှုကို သေချာစွာအကဲဖြတ်ပြီးနောက် မူလတန်းအဆင့်မှ ၃၉ ဦး၊ အလယ်တန်းအဆင့်မှ ၄၀ ဦးနှင့် အထက်တန်းအဆင့်မှ ၃၇ ဦးတို့ကို နောက်ဆုံးဆန်ကာတင်အဖြစ် ရွေးချယ်ခဲ့သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို နိုဝင်ဘာလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပခဲ့ပြီး Grand Final ဖျော်ဖြေပွဲနှင့်ဆုပေးပွဲကို ယနေ့တွင်Times City Jewellery Mall ၌ စည်ကားသိုက်မြိုက်စွာကျင်းပခြင်းဖြစ်သည်။

"M. C. Song" တရုတ်သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးနှင့် Center for Language Education and Cooperation မှကြီးမှူး၍ ရန်ကုန် Bowen School မှ တာဝန်ယူကျင်းပခြင်းဖြစ်သည်။ ယင်းအပြင် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာ၊ ရွှေဇာမဏီဂျာနယ်တိုက်၊ မြန်မာနိုင်ငံ (တရုတ်) ယူနန်ကုန်သည်ကြီးများအသင်း၊ တရုတ်နိုင်ငံကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း မြန်မာနိုင်ငံရုံး၊ မြန်မာ- တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ တရုတ်စာပန်းချီနှင့် ပန်းချီအသင်းအဖွဲ့၊ FSSL (MYANMAR) SERVICES LIMITED နှင့် အခြားအဖွဲ့အစည်းများက ပံ့ပိုးကူညီပေးကြောင်း သိရသည်။

**လင်းခန့်**

# စိုက်ပျိုးရေးထွက်ကုန်အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်လှစ်






ရန်ကုန် နိုဝင်ဘာ ၂၄

စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးမှုဆိုင်ရာ နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ISO 9001 နှင့် 17025 လက်မှတ်ရစိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း(APAL)၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် သင်တန်းသား ၂၀ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များ ပြည်တွင်းရောင်းချမှုနှင့် ပြည်ပတင်ပို့မှုများတွင်အဓိကကြုံတွေ့နေရသောကြီးမားသောအခက်အခဲမှာပိုးသတ်ဆေးဓာတ်ကြွင်း သတ်မှတ်ပမာဏထက် ပါဝင်မှုများပြားနေခြင်းဖြစ်ကြောင်း၊စိုက်ပျိုးရေးလုပ်ငန်းများ၌ ပိုးသတ်ဆေးများကို လိုအပ်သည်ထက် များပြားစွာ အသုံးပြုနေကြပြီး အချို့သော အခြေအနေများတွင် သီးနှံများ၌ ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများသည် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သောအစားအသောက်များတွင်ဓာတ်ကြွင်း ပါဝင်မှုကို စံချိန်စံညွှန်းနှင့် ကိုက်ညီစေရန် လုပ်ငန်းစဉ်များတိုးတက်မြှင့်တင်ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုကို လျော့နည်းစေရန်များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး ထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း(APAL) ၏ ISO 17025 လက်မှတ် ရရှိခဲ့မှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိစိုက်ပျိုးရေးဦးစီးဌာန၊စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်လျက်ရှိကြကြောင်း၊ သင်တန်းတွင် ပြည်ပတင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန် အစားအစာများ ဘေးဥပဒ်ကင်းရှင်းစေရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးမှုဆိုင်ရာ နည်းပညာများကို နိုဝင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာခံယူထားသော လူနာများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ နံနက်ပိုင်းက အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ရန်ကုန်၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ထားရှိသည့် အသည်းလူနာများနှင့် အသည်းအလှူရှင်များကို ကြည့်ရှုအားပေး စကားပြောကြားကာ အစားအသောက် လက်ဆောင်ခြင်းများ ပေးအပ်သည်။

အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ရန်ကုန်၌ နိုဝင်ဘာလ ၇ ရက်တွင်(၃၆)ကြိမ်မြောက်အဖြစ် မိုးကုတ်မြို့နေ ၄၉ နှစ်အရွယ် အသည်းလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးအတွဲကိုလည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်တွင် (၃၇) ကြိမ်မြောက်အဖြစ် ဟားခါးမြို့နေအသက် ၆၀ အရွယ် အသည်းလူနာ အမျိုးသမီးနှင့် သမီးတော်စပ်သူ အသည်းအလှူရှင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးအတွဲကိုလည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ယခုအခါ အဆိုပါ အသည်းအလှူရှင်များမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး အသည်းလက်ခံထားရှိသည့် လူနာများသည်လည်း ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိသဖြင့် အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူထားသည့်လူနာများကို နိုဝင်ဘာလ ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အထူးကုဆေးရုံကြီးခုတင်-၅၀၀ ရန်ကုန် ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမ၌ အသည်းအစားထိုးခွဲစိတ်မှုတွင် ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပုံမှန်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများတွင်ပါဝင်သည့်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု/အသည်းအစားထိုးခွဲစိတ်ကုသမှုများ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားကာ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် ရောဂါခံစားနေရသည့် ပြည်သူများနှင့် ၎င်းတို့၏မိသားစုများအနေဖြင့် ပြည်ပသို့ သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ခြင်းတို့ကြောင့် အရှိန်အဟုန်မပြတ် ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု



ပဲခူး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် အောက်တဲစုကွင်း၊ နွေစပါးနှစ်သီးတစ်ကွင်းတစ်ဆက်တည်း ဧက ၄၀၀ စံပြစိုက်ခင်းသို့ရောက်ရှိပြီး နွေစပါးအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့ထားသည့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးမှသာ သီးထပ်စွမ်းအားပိုမိုတိုးတက်လာပြီး ဝင်ငွေတိုးတက်လာမည်ဖြစ်ကာ စိုက်ပျိုးကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး(၄)ချက်အား လိုက်နာပြီး ခေတ်မီစိုက်ပျိုး နည်းစနစ်များဖြင့်ဆောင်ရွက်မှသာ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သွင်းအားစုများကို ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှနွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ဘော်ဖြူရိုးချောင်းတူးဖော်ပြီးစီးမှုနှင့် နွေစပါးတိုးချဲ့စိုက်ပျိုးထားရှိမှုများအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ဦးစိန်လင်း၏ ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူရေးခြံအားလည်းကောင်း၊ ဈေးပိုင်းရပ်ကွက်ရှိ မိဘမေတ္တာ ဒေသန္တားကောင်ရေ ၁၀၀၊ ဒေသဆိတ်ကောင်ရေ ၁၀၀ နှင့် ဥစားဘဲကောင်ရေ ၅၀၀ ဘက်စုံမွေးမြူရေးခြံနှင့် နေဗီယာမြက်စိုက်ပျိုးခင်းအားလည်းကောင်း၊ ကမာစဲကျေးရွာရှိမွေးမြူရေးလုပ်ငန်းရှင်ဦးသိန်းလွင်၏ ဥစားဘဲကောင်ရေ၅၀၀၀ မွေးမြူထားရှိမှုတို့အား သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ကမာစဲကျေးရွာရှိ ဦးလူမော်၏ တစ်ရက်တန် ၂၅၀ ကျဆန်စက်သို့ သွားရောက်ပြီး ဆန်စက်လည်ပတ်နေမှု၊ လုံးတီးဆန်ကြိတ်ခွဲနေမှုနှင့် စပါးအခြောက်ခံစက်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် ဒေသတွင်း အသား/ငါးကုန် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးနှင့် ဈေးကွက်အတွင်း အသား/ငါး/ဥ ပြတ်လပ်မှုမရှိစေရေး သနပ်ပင်မြို့ရှိ ဦးသန်းဌေး၏ ငါး၊ ပုစွန် ရောင်းဝယ်ရေးဒိုင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည်ပဲခူး-သနပ်ပင်-သန်လျင်လမ်းမကြီးပေါ်ရှိ ပဲခူး-သနပ်ပင်လမ်းပိုင်း လမ်းချဲ့ခြင်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုပြီး ရေကျော်သည့်လမ်းပိုင်းများတွင် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

(၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# စစ်မှန်သောမျိုးချစ်စိတ်ဖြင့် ထုံလွှမ်းနေသော အမျိုးသားအောင်ပွဲနေ့

မျိုးချစ်စိတ်ဓာတ်ဟူသည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ဟူ၍ အဘိဓာန်ကဖွင့်ဆိုသည်။ နိုင်ငံနှင့်လူမျိုးတို့တည်တံ့ရန်၊ တိုးတက်ဖွံ့ဖြိုးရန်အတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရန် လိုအပ်သည်။ အမျိုးသားရေးစိတ်ဓာတ်သည် တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကိုစောင့်ရှောက်ခြင်း၊ ချစ်ခင်ခြင်း၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသူများဖြစ်သည်။ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးကြသည်။ မိမိလူမျိုးအား တိုင်းတစ်ပါးမှချိုးနှိမ်သည်ကို မနှစ်သက်သကဲ့သို့ မိမိတိုင်းပြည်ကို တိုင်းတစ်ပါးမှမတရားစိုးမိုးခြယ်လှယ်သည်ကိုလည်း မနှစ်သက်ကြချေ။

**ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကိုအမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြရန် အလွန်အရေးကြီး၊ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်း၊ အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်၍ ခေတ်စနစ်လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို အားလုံးကဝိုင်းဝန်းစွမ်းဆောင်ကြရန်လို . . .**

**နယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားပြည်သူများကို ပညာရည်အဆင့်အတန်းနိမ့်ပါးအောင်ဖိနှိပ်ခဲ့**

မြန်မာနိုင်ငံသည် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝသို့ကျရောက်ပြီးနောက် တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှအင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံကို ရေရှည်သိမ်းပိုက်၍ တော်လှန်ရေးမအောင်မြင်စေရန်အတွက် မြန်မာတိုင်းရင်းသားပြည်သူများကို ပညာရည်အဆင့်အတန်းနိမ့်ပါးအောင် ပညာရေးကိုဖိနှိပ်ခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)နှင့် မြန်မာအသင်းချုပ်ကြီး (GCBA) တို့က မြန်မာတိုင်းရင်းသားလူမျိုးတို့အား အထက်တန်းပညာ၊ ကောလိပ်နှင့်သိပ္ပံ၊ တက္ကသိုလ်ပညာများ သင်ကြားပေးရေး၊ မြန်မာနိုင်ငံတွင် တက္ကသိုလ်များဖွင့်လှစ်ပေးရေးတို့ကို တောင်းဆိုခဲ့သည်။ သို့သော် ဗြိတိသျှအင်္ဂလိပ်အစိုးရက ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ကိုသာ ဖွင့်ခွင့်ပေးခဲ့ပြီး တက္ကသိုလ်ပညာဘွဲ့ရရှိရေးကိုမူ အိန္ဒိယပြည် ကာလကတ္တားတက္ကသိုလ်သို့ သွားတက်ရန်သာ စီစဉ်ခဲ့သည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကို ထုတ်ပြန်ကြေညာခဲ့သည်။

**အမျိုးသားအောင်ပွဲနေ့အစ အမျိုးသားပညာရေးက**

တက္ကသိုလ်အက်ဥပဒေကို လက်မခံနိုင်သည့် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးဖြစ်သည့် ကိုဘခင်၊ ကိုဖိုးကွန်း၊ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဖေသိန်း၊ ကိုဘရှင်(သံတွဲ)၊ ကိုညီပိတ်၊ ကိုဘရှင် (ထားဝယ်)၊ ကိုလှတင်နှင့် ကိုဇော်တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်တွင် ရွှေတိဂုံဘုရား ကုန်းတော်၌တွေ့ဆုံကြပြီး သပိတ်မှောက်ရန် အစီအစဉ်ရေးဆွဲခဲ့ကြသည်။ ထို့နောက်တွင် ဗဟန်း ကြားတောရဦးအရိယဘုန်းကြီးကျောင်းတိုက်ရှေ့ရှိ ဒေါ်ကြုပ် ဇရပ်အဆောင်တွင် စုဝေးခဲ့ကြပြီး သပိတ်မှောက်ကောင်စီကိုဖွဲ့စည်းကာ ဒီဇင်ဘာလ ၇ ရက်၌ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုသပိတ်မှောက်ရန် ပညာရေးဥပဒေပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များမပေးသမျှ ကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကိုဆုံးဖြတ်ခဲ့ကြသည်။ မူလက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေအရ ဒီဇင်ဘာလ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျောင်းသားများ စတင်သပိတ်မှောက်ခဲ့ကြသည်။ အကြမ်းမဖက်သောနည်းဖြင့် ကျယ်ပြန့်လှသော လူထုတိုက်ပွဲတစ်ရပ်ကို မြန်မာမျိုးချစ်ကျောင်းသားများစတင်ပြီး သပိတ်မှောက်ရာမှ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားထုတစ်ရပ်လုံး၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲပြီး နယ်ချဲ့အင်္ဂလိပ်တို့၏ တစ်ဖက်သတ်ကိုလိုနီပညာရေးစနစ်ကို တိုက်ဖျက်ခဲ့ကြသည်။ "ဗမာပြည်ကို ချစ်ပါ၊ ဗမာစာကိုချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါ" ဆိုသောကြွေးကြော်မှုများဖြင့် "သခင်မျိုးဟေ့ ဒို့ဗမာ" ဆိုသော အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားသပိတ်ကို လူထုတစ်ရပ်လုံးကလည်း ထောက်ခံအားပေးခဲ့ကြသည်။

**အမျိုးသားကျောင်းများဖွင့်လှစ်နိုင်ခဲ့ပြီး အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုမြင့်မားလာ**

၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်၏ ကြီးမားသောရလဒ်တစ်ခုမှာ အမျိုးသားပညာရေးကောင်စီပေါ်ပေါက်လာကာ မြန်မာနိုင်ငံတစ်ဝန်း အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်များပိုမိုမြင့်မားလာခဲ့ကာ မျိုးချစ်လူငယ်များပေါ်ထွန်းခဲ့သဖြင့် လွတ်လပ်ရေးကို မဆုတ်မနစ်ရယူနိုင်ခဲ့သည်။ ထို့ပြင် ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်(ဗဟန်းကောလိပ်)ကိုလည်း ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၂၁ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့၌ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြုလုပ်သည့် ဂျီစီဘီအေ အထူးကွန်ဖရင့်က ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသဖြင့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့)ကို "အမျိုးသားအောင်ပွဲနေ့" အဖြစ်အတည်ပြုသတ်မှတ်ခဲ့သည်။ သို့ဖြစ်၍ ထိုအချိန်မှစ၍ ယနေ့ကာလအထိ "အမျိုးသားအောင်ပွဲနေ့" ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တိုင်း ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ယခုနှစ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်) တနင်္လာနေ့သည် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အကြီးအမှူးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျကျင်းပနိုင်ရေးအတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စို့**

နှစ်ပေါင်း ၁၀၀ ကျော်မှသည် နောင်နှစ်ပေါင်းများစွာအထိ အမျိုးသားအောင်ပွဲနေ့ကိုကျင်းပ၍ အမျိုးသားရေးစိတ်ဓာတ်များကိုဖော်ထုတ်ရမည် ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက်အမျိုးသားအောင်ပွဲနေ့၏ ဆောင်ပုဒ်မှာ **"ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စို့"** ဖြစ်ပြီး တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာပြည့်ဝသော ပညာတတ်များပေါ်များရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက် (၄) ရပ်ဖြင့် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပမည်ဖြစ်သည်။

**အမျိုးသားအောင်ပွဲနေ့နှင့် စစ်မှန်သောမျိုးချစ်စိတ်**

ကျွန်ုပ်တို့သည် ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြရန် အလွန်အရေးကြီးသည်။ ထို့ပြင် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်း၊ အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်၍ ခေတ်စနစ်လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို အားလုံးကဝိုင်းဝန်းစွမ်းဆောင်ကြရန် လိုအပ်ပါသည်။

စစ်မှန်သောမျိုးချစ်စိတ်ဆိုသည်မှာ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အသက်တမျှ ချစ်မြတ်နိုးခြင်းဖြစ်သည်။ စစ်မှန်သော မျိုးချစ်စိတ်သည် နိုင်ငံတော်နှင့် ပြည်သူအားလုံးကို ကိုယ်စားပြုသည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုခြင်း၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနှင့် ကိုယ့်နိုင်ငံအချုပ်အခြာပိုင်နက်ထဲမှ မည်သည့်အစိတ်အပိုင်းကိုမျှ အထိမခံ၊ ကိုယ့်လူမျိုး ထိလျှင် လက်ပိုက်ကြည့်မနေခြင်းတို့သည် တိုင်းပြည်နှင့် လူမျိုးကိုချစ်ခင်သော အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အရေးကြီးသော လိုအပ်ချက်များစွာရှိသော်လည်း အဓိကအရေးကြီးဆုံးအချက်သည် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် အရေးကြီးသောလိုအပ်ချက်များစွာရှိသော်လည်း အဓိကအရေးကြီးဆုံးအချက်သည် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်. . .**

**ကိုဘုန်း(ထုတ်လုပ်)**

# ဓနုဖြူမြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းဌေး၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်၌ ဒေသထွက်ခရမ်းသီးများ နိုဝင်ဘာလပထမပတ်မှစ၍ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေရာ လက်ရှိတွင် တစ်ရက်လျှင် ခရမ်းသီးအလုံး ၃၀၀၀၀ မှ ၃၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေထွက်ရှိတဲ့ ခရမ်းသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေ အဝယ်များနေတယ်။ တစ်ရက်ကို ခရမ်းသီးအလုံး ၃၅၀၀၀ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ ဒီနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလည်း ကောင်းတယ်လို့ သိရပါတယ်။ ဒီနှစ် ခရမ်းအဝိုင်းသီးရော အရှည်သီးပါ ဈေးကောင်းရရှိနေပါတယ်''ဟု ဒေါ်ဝင်းဝင်းဌေးက ပြောသည်။

လက်ရှိတွင် ဓနုဖြူမြို့နယ်အတွင်း စိုက်ပျိုးထားသည့်ဟင်းသီးဟင်းရွက်များ စတင်ထွက်ရှိပြီဖြစ်၍ အရောင်းအဝယ်ပြုလုပ်နေသည့်ကာလဖြစ်ပြီး အဆိုပါ ဒေသထွက် ခရမ်းသီးအပါအဝင် တခြားဟင်းသီးဟင်းရွက်များကို ကျိုက်လတ်၊ ဘိုကလေး၊ မအူပင် စသည့်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# ဟိုပုံးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်

ဟိုပုံး နိုဝင်ဘာ ၂၄


ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို နိုဝင်ဘာလ ၂၃ ရက်က အခြေခံပညာအထက်တန်းကျောင်း (ပင်းပက်)၌ ကျင်းပသည်။

ရှေးဦးစွာ ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းအောင်က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ ဗြိတိသျှတို့ပြဋ္ဌာန်းခဲ့သော ကျွန်ပညာရေးဥပဒေများ၊ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုကြသော ကျောင်းသားကြီး ၁၁ ဦးအကြောင်းနှင့် အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ရေး စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုမှတ်သားလေ့လာနိုင်ရန် အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့ပြင် ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးနံရံကပ်စာစောင် ဓာတ်ပုံပြပွဲအား ပြသခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**




# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြော

စဉ့်ကိုင် နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာသစ် (Smart Village) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထန်းသုံးပင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဆွေးနွေးဟောပြောခြင်းကို နိုဝင်ဘာလ ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ခေတ်မီစံပြကျေးရွာသစ် (Smart Village) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကိုက သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် GAP နည်းစနစ် စိုက်ပျိုးရေးဆိုင်ရာများအကြောင်းကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာသန္တာထူးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် GAHP နည်းစနစ် မွေးမြူရေးဆိုင်ရာ နည်းပညာများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး )**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

ရမည်းသင်း နိုဝင်ဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂၄ ရက်တွင် မြင်းနားကျေးရွာအုပ်စု မြင်းနားကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကာရံ (ကျေးလက်)**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသတ္တမနေ့ ဆက်လက်ကျင်းပ၊ အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲရောင်းချနိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက်ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁၇၀၁)မှ(၂၅၅၉)အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၅၉၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်အုပ်စု(စီ)မှကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးနေမှုနှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဋ္ဌမနေ့တွင်ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၂၅၆၀)မှ (၃၃၀၉)အထိ ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျောက်စိမ်းတွဲများအား MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားကာ ငွေပေးချေရာတွင် ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ ပြည်တွင်းရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**



# နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကို Clean City၊ Green City၊ Smart City ဖြစ်စေရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်ရှိပြီးသည့်ခရီးစဉ်နေရာဒေသများအပြင် အပန်းဖြေအနားယူနိုင်သောခရီးစဉ်နေရာအသစ်များကိုဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးခွဲ ညွှန်ကြားရေးမှူး၊ ကော်မတီအဖွဲ့ဝင်များနှင့်နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့်လုပ်ငန်းရှင်များက နေပြည်တော်အတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ရုံးသို့သွားရောက်ပြီး ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းတာဝန်ခံများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(၅၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကြည့်ရှုလေ့လာပြီး စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ Seminar Hall နှင့် မျက်စိခွဲစိတ်ခန်းတို့ကို ကြည့်ရှုလေ့လာပြီး သီတဂူမျက်စိဆေးရုံတွင်လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင်များကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိစာဆိုဗိမာန်အဆောက်အအုံတည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ Myanmar Land & Development Ltd မှ စီမံကိန်းဒါရိုက်တာက စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်မှုပုံစံ၊ မြေတူးလုပ်ငန်း၊ မြေနေရာရှင်းလင်းမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု မှတ်တမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံသည်အိန္ဒိယနိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၏ အမျိုးသားယဉ်ကျေးမှုနှင့်စာပေကဏ္ဍတွင် သမိုင်းမှတ်တိုင်တစ်ခုအဖြစ်ကျန်ရစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် စာဆိုဗိမာန်အဆောက်အအုံပန္နက်တော်တင်မင်္ဂလာအခမ်းအနားကိုတက်ရောက်ချီးမြှင့်ခဲ့ပြီး လမ်းညွှန်မှုများနှင့်အညီ အရည်အသွေးကောင်းကောင်းဖြင့်တည်ဆောက်သွားရန် အလေးထားတိုက်တွန်းလိုကြောင်းမှာကြားသည်။

ထို့နောက် စာဆိုဗိမာန်အဆောက်အအုံ၏ 3D နမူနာပုံစံကိုကြည့်ရှုလေ့လာပြီး လုပ်ငန်းခွင်အတွင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာဆိုဗိမာန်အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေကွက်အမှတ်(၂၉) မြေတိုင်းရပ်ကွက်(၁၈-အေ) မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် နှစ်နှစ်စီမံကိန်းအဖြစ်ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံအကျယ်အဝန်းမှာ အလျားပေ ၁၆၀ x အနံပေ ၁၄၀x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာညီလာခံ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄


ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံနှလုံးရောဂါပညာရပ်ဆိုင်ရာညီလာခံ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ဟောပြောပွဲခြောက်ခုဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ပြည်တွင်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ နှလုံးရောဂါဆေးပညာရှင်များက နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ပုံ၊ နှလုံးသွေးကြောကျဉ်းရောဂါစမ်းသပ်စစ်ဆေးခြင်းနည်းလမ်းများ၊ နှလုံးသွေးကြောကျဉ်းရောဂါ ကုသနည်းများ၊ သွေးတိုးရောဂါ၏နောက်ဆုံးပေါ် ခေတ်မီကုသနည်းများ၊ နှလုံးစက်တပ်ကုသခြင်း၏ တိုးတက်လာပုံအဆင့်ဆင့်၊ ဉာဏ်ရည်တု(Artificial Intelligence-AI)နည်းပညာရပ်ကို နှလုံးလျှပ်စီးပတ်လမ်းကြောင်းဖြတ်တောက်ကုသခြင်းတွင် အသုံးပြုပုံ၊ နှလုံးစည်းချက်မမှန်သောရောဂါကို လျှပ်စီးပတ်လမ်းကြောင်း ဖြတ်တောက်ကုသခြင်းနှင့် နှလုံးသွေးကြောမကြီးရောဂါကုသနည်းများကို တင်ပြဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ အထွေထွေရောဂါကု ဆရာဝန်များ၊ ဆေးပညာရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကာ မြန်မာနှလုံးရောဂါ ပညာရပ်ဆိုင်ရာပညာရှင်များနှင့် အတူ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှုအတွေ့အကြုံများမျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ညနေပိုင်းတွင် ညီလာခံအောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်မှုကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိတည်းခိုရေးစခန်းသို့သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန် ရောက်ရှိလာကြသည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ တည်းခိုနေထိုင်ရန်နေရာချထားသည့် အိပ်ဆောင်များသို့သွားရောက်ကာ အားကစားသမားများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးပြီး တည်းခိုနေထိုင်စဉ် သတ်မှတ်ထားသော အိပ်ဆောင်စည်းမျဉ်း/စည်းကမ်းများအတိုင်း စနစ်တကျတည်းခိုနေထိုင်ကြရန်၊ အားကစားပြိုင်ပွဲများအောင်နိုင်ရေးကိုသာ ဦးစားပေးကြိုးစားကြရန် မှာကြားသည်။

ထို့နောက် စားရိပ်သာများသို့သွားရောက်ပြီး စားရိပ်သာအတွင်း/ အပြင်သန့်ရှင်းသပ်ရပ်မှုရှိရေး၊ လုံခြုံရေးစနစ်တကျထားရှိရေး၊ ချက်ပြုတ်ကျွေးမွေးမည့် အစားအစာကုန်ကြမ်းများ ဂိုဒေါင်များ၌စနစ်တကျသိုလှောင်ထားရှိရေးနှင့် အရည်အသွေးကောင်းမွန်မှုရှိရေး၊ သန့်ရှင်းသောသုံးရေများစနစ်တကျစီမံထားရှိရေး၊ ဧည့်ခံကျွေးမွေးမည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျထားသိုသိမ်းဆည်းရေးနှင့် သန့်ရှင်းစင်ကြယ်မှုရှိအောင် ပြင်ဆင်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တည်းခိုဆောင်များ၌ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်လာပါက အရေးပေါ်အရန်မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သောက်သုံးရေနှင့် ဧည့်ခံကျွေးမွေးရေးပစ္စည်းများ၊ အစားအစာကုန်ကြမ်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# စံချိန်ဆီစက်ရုံ(Refinery Plant)ဖွင့်ပွဲအခမ်းအနားကျင်းပ






ရန်ကုန် နိုဝင်ဘာ ၂၄

Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ(Refinery Plant) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆၂) ကမ်းနားလမ်းနှင့်ဦးချိန်လမ်းထောင့် စက်မှုဇုန်(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးဆန်းလင်းနှင့်တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်ဇော်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေးဂျင်းဒါရိုက်တာတို့က စံချိန်ဆီစက်ရုံကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက စံချိန်ဆီစက်ရုံကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကာ စံချိန်ဆီစက်ရုံအတွင်းထုတ်လုပ်ထားသည့် ဆီများပြသထားမှု၊ ဆီထုတ်လုပ်ပြီး ကုန်ကြမ်းများဆောင်ရွက်ထားမှု အခြေအနေများနှင့် ဆီထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး Global Good Pure Group ကုမ္ပဏီလီမိတက် စံချိန်ဆီစက်ရုံ၏ မန်နေးဂျင်းဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့်Global Good Pure Group ကုမ္ပဏီလီမိတက်၏ စံချိန်ဆီစက်ရုံ (Refinery Plant)သည်မြန်မာနိုင်ငံတွင် မြေပဲနှင့်နေကြာဆီထွက်သီးနှံကို စတင်ကြိတ်ခွဲထုတ်လုပ်သော စက်ရုံကြီးတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံမှတစ်ရက်ကြိတ်ခွဲနိုင်စွမ်းအားမှာ ဆီတန်ချိန် ၅၀ ဖြစ်ပြီး တစ်လလျှင် ဆီတန်ချိန် ၁၅၀၀ ထုတ်လုပ်နိုင်ကြောင်း၊ ပြည်ပဆီတင်သွင်းမှုကိုလျော့စေပြီး ပြည်တွင်းစားသုံးမှုဖူလုံစေရေးတို့တွင် အထောက်အကူပြုစေနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ငါးမြေမကျေးရွာရှိ အလင်းရောင်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းသို့ သွားရောက်ပြီး နို့စားနွားမွေးမြူသူ အသင်းသားများ၊ နှမ်းစပါးစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နို့စားနွားမွေးမြူသူ အသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ငါးမြေမကျေးရွာ၌ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် တိုးချဲ့ဆောင်ရွက်မည့် နို့စားနွားမွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာနှင့် တည်ဆောက်မည့်အစီအမံများကိုလည်းကောင်း၊ သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာခြောက်ရွာ၊ လူဦးရေ ၃၉၀၀၀ ကျော်နှင့် စိုက်ဧက ၂၇၅ ဧကတို့ကို အကျိုးပြုပေးလျက်ရှိသည့် သနပ်ပင်-အုတ်ဖိုစုကျေးရွာချင်းဆက်လမ်းပျက်စီးနေသောလမ်းပိုင်းများကို မြေကြီးတာပေါင်တင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက



လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် သနပ်ပင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ နို့စားနွားမွေးမြူသူများ၊ နှမ်းစပါးစိုက်တောင်သူများ၊ ဆောင်းသီးနှံမြေပဲစိုက်သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူများလိုအပ်သည့် မျိုးနှင့်သွင်းအားစုဓာတ်မြေဩဇာများကို တောင်သူများလက်ဝယ်အချိန်မီရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် အရင်းအနှီးများကိုလည်း သမဝါယမချေးငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ချေးငွေများမှ ရရှိအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ကျေးရွာနေပြည်သူများလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးတို့က သန်လျင်မြို့နယ်အတွင်းရှိသမဝါယမအသင်းလေးသင်းရှိ အသင်းသားတောင်သူ ၅၈ ဦးတို့၏ စိုက်ဧက ၅၀၀ အတွက် ယူရီးယားဓာတ်မြေဩဇာ ၈၃၂ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၁၅၅ အိတ်ကိုလည်းကောင်း၊ ခရမ်းမြို့နယ်အတွင်းရှိ မြေပဲစိုက်တောင်သူ ၁၀ ဦးတို့၏ စိုက်ဧက ၄၀ အတွက် ယူရီးယားဓာတ်မြေဩဇာ အိတ် ၁၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၀၀)

❍ ကျောဖုံးမှအဆက်

နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါလူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို နေပြည်တော်လေဆိပ်၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့်ရုရှားနိုင်ငံမှ အလှူရှင်အဖွဲ့အစည်းများကိုယ်စား တာဝန်ရှိသူတစ်ဦးတို့က လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးစိုးကြည်က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ စုစုပေါင်းတန်ချိန် ၃၅ တန်ခန့်ပါဝင်ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 104th Anniversary of National Victory Day 2024

## (25 November 2024)

**Esteemed entire Myanmar people,**

I extend my heartfelt greetings and best wishes to all the people of Myanmar, including fellow citizens and ethnic communities, for good health, happiness, and prosperity in all aspects of life on the auspicious occasion of the 104th National Victory Day which falls on the 10th Waning of Tazaungmone 1386 Myanmar era and 25 November 2024, today.

This historic and significant day marks the resistance against the colonial rulers' oppressive education system designed to perpetuate their domination. It is also the day that inspired patriotism and revitalized national pride among the entire Myanmar people. Therefore, it remains an unforgettable day for all citizens of Myanmar.

Colonialists exploited the nation's valuable natural resources for their own benefit and ruled oppressively. They deliberately prevented the Myanmar national races from accessing higher education and used various methods to hinder their ability to progress on par with the times. As a result of repeated demands by the Myanmar people for the establishment of a university in Myanmar, the colonial rulers enacted the University Act on 1 December 1920.

This act imposed various restrictions that hampered Myanmar youth from continuing their university education. As a result, students with a strong sense of nationalism, including Ko Ba Shin, Ko Pho Kun, and Ko Phay Thein, led a group of 11 senior students to protest against the education system. In the colonial era when Myanmar was under foreign occupation, their movement encouraged the entire Myanmar people to awaken with the nationalistic spirit to be free from foreign rule. It also inspired the people to take action for their freedom and social justice, motivating them to endure personal sacrifices for the greater cause of national liberation from colonial rule.

The history of Myanmar's struggle for independence showed the spirit of patriotism and unity which have proven to be a powerful force, as evidenced by the national victories that were achieved. The celebrations of National Victory Day, which were held annually without fail across the entire Union of Myanmar, have now reached their 104th year.

**Esteemed entire Myanmar people,**

Peace is the foundation for the country's economic development, the improvement of the social lives of its citizens, the harmony and stability within the Union, and the rule of law. Through mutual respect and understanding between national races, cooperation between individuals can be fostered, and misunderstandings and conflicts can be reduced, resolving issues through dialogue. Relationships based on trust allow challenges to be overcome together, ultimately leading to a more harmonious and collaborative coexistence, ensuring long-term and sustainable peace. If political issues are resolved through armed conflict instead of political means, it will result in a situation where there is freedom but no peace. Furthermore, it is essential to be mindful that the non-disintegration of the Union, non-disintegration of national solidarity, and perpetuation of sovereignty must be preserved to avoid any potential risks.

The State Administration Council has been holding discussions with political parties and ethnic armed organizations to achieve permanent peace, and has been able to document the positions obtained from these bilateral talks for further discussion and approval in future sessions of Hluttaw.The talks are being continuously conducted and will continue to be carried out. This being so, it is time for all national brethren to eliminate misunderstandings and doubts, reject undesirable ideologies, and come together in mutual trust, respect, and love. Everybody must join hands to build durable peace. By exercising the rights granted under the nation's constitution, I urge everyone to work together in unity to achieve national stability, peace, and development.

**Esteemed entire people and national brethren,**

For the development and progress of a nation, it is necessary to nurture and develop the intellectual capacity of its citizens. Focusing on the growth of their intellect and knowledge plays a key role in ensuring the continuous development of the country. In terms of nation-building and development, the State Administration Council is actively supporting the emergence of skilled human resources who are proficient in advanced fields of study, ensuring that highly qualified human resources are available for further development.

Essentially, it is easier to acquire knowledge and skills only when one has received formal education. The government is implementing a comprehensive education system that allows everyone to access education, with the aim of nurturing skilled and exceptional young people with five strengths of capacity who can contribute to the country's growth. When educated youth serve with dedication and a sense of responsibility, they will bring benefits to the nation. The balance between knowledge and skills will create advantages in various fields such as politics, economics, and society, and it will foster unity and harmony in the country.

Parents and teachers are key figures in nurturing high-quality, thoughtful, and outstanding human resources. Parents must guide their children from birth to adulthood, providing education, healthcare, moral development, and discipline. Teachers, on their part, must carry out their duties with dedication, striving to embody the qualities of an exemplary educator. They must foster a sense of responsibility and accountability, with the mindset, discipline, and knowledge necessary to nurture future generations of well-rounded citizens who will contribute positively to the nation.

**Esteemed entire Myanmar people,**

It is essential that every citizen has to accept the concept that they have to serve a duty to train and nurture educated, compassionate, and capable young people who will become the future builders of the nation, and to carry out this responsibility with great seriousness and care.

The government has implemented a free education system to ensure that all school-age children have access to education and can attend school until at least the completion of the KG+9 scheme. This system is designed to produce a well-rounded human resource base capable of contributing to the development of a modern, developed nation. Achieving this goal requires the full cooperation of parents, teachers, and students in order to ensure success at every level.

The national education process is not something that can be completed in a short time, nor is it a task that can be accomplished by the efforts of just one person. Success can only be achieved when all citizens actively participate with a national spirit. In implementing this process, success can only be achieved through patience, determination, and perseverance in the face of challenges. While the government provides support from all sectors, all responsible individuals and the public need to work together in unity. Therefore, I urge everyone to be aware of, understand, and collaborate in the efforts to improve and elevate the education sector for the better future of the nation.

**Esteemed entire Myanmar people,**

The State Administration Council has been implementing national prosperity and food security as part of the national cause. National prosperity refers to the ability of all citizens to live peacefully under the rule of law, to receive education, and to engage in

See Page - 19

From Page - 18

employment. In areas of national races, activities of terrorists and armed insurgents have disrupted peace, the rule of law, and regional development. Furthermore, the learning opportunities for students and the employment opportunities for locals are being lost, severely impacting their socioeconomic lives. As the State Administration Council continues to take responsibility for maintaining the peace and prosperity of the community, upholding the rule of law, and contributing to nation-building endeavours, it is crucial that all national races come together in unity and cooperation.

To ensure food security, it is essential for the people of Myanmar to not only maintain traditional agricultural and livestock practices but also to innovate in food production using modern techniques. It is necessary to form cooperative societies to develop agriculture, livestock, and manufacturing industries, and through these efforts, to establish factories and workshops based on agricultural and livestock products. Across the country, in each state and region, micro, small and medium-scale enterprises based on domestic raw materials and agriculture and livestock products must be developed to ensure success. In these endeavours, the government will provide support with capital, technology, and other necessary resources.

In successive eras, domestic production industries have weakened, and the importation of foreign goods increased, leading to a growing need for foreign currency. During the period when the State Administration Council took responsibility, they made efforts to preserve natural resource production as much as possible. Instead of exporting natural resource materials, they focused on increasing the export of agricultural and livestock breeding products. As economic growth is crucial for national development, efforts are being made to foster economic development.

I would like to urge the entire national people to place special emphasis on boosting domestic production for food security. Similarly, efforts should be made to enhance the production of export goods, which will reduce the need for foreign currency and increase revenue. If the national economy improves, the socio-economic lives of the people will also develop, and in accordance with the country's economic policy objectives, development will progress equally across regions and states.

**Esteemed entire people and national brethren,**

The National Victory Day marked the beginning of the dawn of independence and the early period of national cause. It is through the noble virtues of those who sowed the seeds of the National Victory Day that the final victory was achieved. Thanks to National Victory Day, the spirit of nationalism was elevated to such an extent that it has now reached the point where everybody can approach the goal of independence. This progress is now clearly visible to all.

On this distinguished and auspicious National Victory Day, in accordance with the 104th National Victory Day theme, **'Let's unite all nationalities for Union peace',** I urge all citizens of Myanmar to harness the strength, resolve, and energy passed down by our ancestors for the durable peace and sustainable development of the Union of Myanmar which is a heritage of our ancestors through the Union spirit and united national strength.

In conclusion, I would like to urge all ethnic people to unite with a national spirit, working together with determination and building a great Union based on democracy and a federal system to achieve success in the implementation of the national objectives of the this year's National Victory Day: To foster mutual respect and trust among all nationalities, ensuring durable peace; To cultivate a well-educated populace with the knowledge and skills necessary for the State's development; To encourage nationwide support for the education sector, contributing towards the all-round development of the State; and To enhance domestic production, ensuring the prosperity and food security of the State.

**Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Black gram plantation acres expand in this year

YANGON November 24

This year, black gram plantation acres expanded, along with an increase in black gram farmers.

Farmers grew other beans in addition to black gram in previous years, but black gram is the main crop this year.

Farmers in the whole western Bago Region mainly grew black gram this year.

"Black gram plantation acre expanded this year. Farmers grew other beans such as mung bean, lablab bean, soybean and eyebrow peas last year. Now, they paused them but only in black gram. Farmers in the whole western Bago Region grew black gram alone this year," said an official from Naing Maha black gram wholesale trading centre in Letpadan Township.

Abnormal weather conditions encouraged farmers to re-start black gram plantation, he said.

"Black gram price declined in Yangon, on a downward trend for a week. Now, it is growing black gram, and it is expected to harvest three months later," he said.

**SMK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Russia's update on nuclear doctrine can be considered signal to West - Kremlin



MOSCOW November 24

Russian President Vladimir Putin's decree updating Russia's nuclear doctrine can be considered as a signal to the West and should not be seen as a coincidence, Kremlin spokesman Dmitry Peskov said in an interview with Russian journalist Pavel Zarubin published on Sunday.

"Surely, there cannot be any coincidences here. There is certain consistency," Peskov said, when asked about the doctrine update.

The spokesman added that Russia constantly has to respond to unprecedented escalation incited by the West.

"Although President Putin assigned to prepare the amendments in order to adapt our [nuclear] doctrine to the conditions of the current confrontation, which is incited by the Western states, Putin has to respond to the unprecedented escalation which is primarily spurred by the outgoing administration in Washington," Peskov said.

And the United States is continuing to take even more reckless steps to escalate the Ukrainian conflict, the spokesman added.

When commenting on the Oreshnik missile strike, Peskov said that Putin had sent a clear signal to the West in September. Peskov added that a "frenzy" among decision-makers in Washington had led to the current situation.

**Sputnik**

# Romanians vote in first round of presidential election

BUCHAREST November 24

Romanians headed to the polls Sunday for the first round of the presidential election, choosing from 14 candidates to lead the country for the next five years.

According to the Permanent Electoral Authority of Romania, over 18 million registered voters are expected to cast their ballots at nearly 19,000 polling stations from 7 a.m. to 9 p.m. local time (0500 to 1900 GMT).

Overseas voting began Friday, with a record number of 950 polling stations abroad, according to the electoral authority.

Under the Romanian Constitution, if no candidate secures a majority, a runoff will be held between the top two contenders in two weeks. The candidate who gets the most valid votes will be the winner.

Bucharest residents are also voting in a referendum on local governance and public health initiatives, including funding for drug prevention programs in schools.

Romania's president serves a five-year term, with a maximum of two consecutive terms allowed.

**Xinhua**

# How Russia's ICBM design school laid the groundwork for the Oreshnik Hypersonic ballistic missile



MOSCOW November 24

Russian rocket scientists created the new Oreshnik intermediate-range ground-based hypersonic ballistic missile from scratch, five years after the US unilaterally terminated the Intermediate-Range Nuclear Forces Treaty restricting such weapons. Sputnik asked a retired Russian Air Defence Forces colonel and missile expert how this became possible.

Russia's president provided new information about the Oreshnik missile system at a meeting with defence and military industry officials on Friday, saying the weapon's mass production has been approved, and that Russia already has a stockpile of such weapons.

The Oreshnik is a fundamentally new weapon, not just a modernization of an older system, President Putin said. In addition, he noted, "several systems" like the Oreshnik "are currently in development for further testing in Russia today... That is, we are developing a whole lineup of medium and shorter-range systems."

Tested in combat in Dnepropetrovsk region against a major Ukrainian defence-related enterprise on Thursday, the Oreshnik is modern Russia's first-ever intermediate-range ground based ballistic missile, with previous weapons in this class developed by the Soviet Union, and scrapped between 1988-1991 in accordance with the terms of the Intermediate-Range Nuclear Forces Treaty, signed at the twilight of the Cold War.

Washington unilaterally pulled out of the INF Treaty in 2019 and immediately set to work on the development of new US medium and intermediate-range ballistic missile designs, but this work has yet to bear fruit, with systems like the Dark Eagle Long-Range Hypersonic Weapon facing delays thanks to repeated test failures, with combat deployment plans put off repeatedly.

**Sputnik**

# 13 killed, 18 injured as landslides, flash floods hit Indonesia's North Sumatra province



JAKARTA November 24

Landslides and flash floods that hit two regencies in Indonesia's North Sumatra province on Saturday night have claimed 13 lives with 18 others injured, said an official from the provincial disaster management and mitigation agency on Sunday.

According to Sri Wahyuni Pancasilawati, head of the emergency, equipment, and logistics unit of the agency, the landslides and flash floods struck on Saturday night in Deli Serdang and Karo regencies. In Deli Serdang, six people were killed, and nine others sustained injuries after strong currents swept away four houses and a religious building.

In Karo regency, a similar disaster left seven people dead and nine injured. The injured were taken to nearby hospitals and health clinics for treatment, she told Xinhua.

On early Saturday morning, landslides and flash floods had also stricken Padang Lawas and South Tapanuli regencies in the province, leaving six dead and seven injured.

The Indonesian Meteorology and Geophysics Agency had issued warnings of extreme weather, forecasting above-normal rainfall intensity in the region.

Efforts are underway to assist affected communities and mitigate further risks as authorities continue to monitor the situation closely.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# China EV industry hits new peak in Google Trends, surpasses 10 million units

According to Google, a spike in search trends indicates an increase in user interest in a specific topic compared to usual levels.

Interest in electric vehicles is surging worldwide, but recent Google Trends data suggests it may be driven more by technological appeal than concerns about global warming.

One environmental expert links this shift to the politicization of climate change. Searches for "electric vehicle" and "EV" have steadily climbed over the past decade, with "China EV" reaching an all-time high this year.

This milestone highlights the success of China's EV sector, which surpassed an annual production volume of 10 million units this year.

According to Google, a spike in search trends indicates an increase in user interest in a specific topic compared to usual levels.

**Global warming searches at a two-decade low**

Searches for "global warming" have dropped to their lowest level since tracking began in 2004, a figure previously matched only during the height of the COVID-19 pandemic, the South China Morning Post writes.

According to Paul Harris, chair professor of global and environmental studies at The Education University of Hong Kong, there has been a global shift away from using the term "global warming." For scientists, this is because warming, along with other effects of rising greenhouse gas emissions, is encompassed by the broader concept of climate change.

The shift to using the term "climate change" has not been accompanied by widespread global acceptance of the issue. The concept remains highly politicized, entangled in domestic and geopolitical debates, and influenced by various vested interests. Advocates for climate action often adopt alternative terminology to navigate these challenges, Harris noted.

Mentions of global warming, climate change, and the environment peaked during the 2000 US presidential elections, according to Climate Power.

Recently, the focus in the US has shifted to promoting renewable energy for job creation, as this approach is seen as more politically acceptable than framing it around environmental or health benefits.



**Beijing's clean energy goals clouded by coal and rising trade conflicts**

Harris noted that while China leads in solar and wind energy, it continues to approve new coal-fired power plants and set records in coal production. Beijing's push for clean energy and EVs is part of a strategy to diversify its energy grid and achieve self-sufficiency.

However, concerns over Chinese overcapacity have led the EU and US to impose tariffs on its EVs and renewable energy products, escalating trade tensions.

According to Harris, the transition away from fossil fuels is inevitable due to its long-term benefits, but the problem is that global efforts to tackle climate change are progressing at a glacial pace.

I.E

# China military's supercomputer tops global rankings, clocks 6,320 MTEPS/W

A Chinese military-developed supercomputer has once again ranked first in an international test of AI computing efficiency. Tianhe, created by the National University of Defence Technology, tops the latest list of the world's most power-efficient big data processing systems, achieving its second win since 2021.

The advanced computing power of supercomputers can be applied to simulations for studying climate change, conducting materials research, exploring space, and developing treatments for various diseases.

**Energy-efficient big data computing**

The Green Graph 500 list measures performance-per-watt for processing large graphs, comparing the energy efficiency of the fastest supercomputers tackling data-intensive tasks. First released in 2010, it is the leading international ranking for assessing the performance of supercomputers in graph computation.

China's indigenous supercomputer, the Tianhe Exa-node Prototype, reached 6,320 MTEPS/W, securing the top position in the Green Graph500 ranking for big data. This performance metric, measured in million traversed edges per second per watt, evaluates a system's efficiency in internal data communication, the South China Morning Post reports.

It surpassed the previous Tianhe Exa-node Prototype, which achieved 4,385 MTEPS/W and placed first runner-up, as well as Eniad, a supercomputer developed by the University of Pennsylvania, which ranked third with 2,057 MTEPS/W. Tianhe last topped the list in July 2021.



Graph analysis is a growing field in AI computing that focuses on identifying connections within graph structures. It is a valuable tool for studying complex networks, patterns, and structured data. For instance, it can be used to analyze social media relationship maps or transaction histories across multiple accounts.

Energy-efficient big data computing is also becoming increasingly essential, as energy consumption is expected to be a limiting factor. As the need for large-scale data analysis grows, graph computing is becoming an important aspect of big data and artificial intelligence, attracting increasing research interest worldwide.

**Major breakthrough in data analysis**

According to Meng Xiangfei, the chief scientist at the National Supercomputer Centre in Tianjin, which hosts the Tianhe supercomputer, the top ranking reflects significant international breakthroughs in the system's ability to handle complex data analysis, as reported by state news agency Xinhua. The Chinese researcher added that it would play a crucial role in advancing the development of next-generation intelligent technologies.

I.E

INNOVATION

## ခွဲစိတ်မှုနည်းပညာကို ဆန်းသစ်စေမယ့် Cares Copilot 2.0

တရုတ်သိပ္ပံအကယ်ဒမီက ထူထောင်ထားတဲ့ ဉာဏ်ရည်တုနှင့်စက်ရုပ်နည်းပညာဆိုင်ရာစင်တာ (CAIR)က သူတို့ရဲ့ နောက်ဆုံး AI စံပြုပုံစံတစ်ခုဖြစ်တဲ့ Cares Copilot 2.0 ကိုထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။

အဲဒီစံပြုပုံစံက ခွဲစိတ်မှုနည်းပညာကို တစ်ခေတ်ဆန်းသစ်လာစေမှာပါ။ အထူးသဖြင့် ခွဲစိတ်မှုလုပ်ဖို့အတွက် အစီအစဉ်ချတာ၊ ကျန်းမာရေးအစီရင်ခံစာတွေ ပြင်ဆင်ပေးတာ၊ အလားတူခွဲစိတ်မှုမျိုးတွေကို ပြန်လည်ဖော်ထုတ်ပြသပေးတာမျိုးတွေလိုမျိုးလုပ်ငန်းတွေကိုလုပ်ဆောင်ပေးတဲ့နည်းလမ်းနဲ့ ခွဲစိတ်ဆရာဝန်များကို ကူညီပေးနိုင်စေမှာဖြစ်ပါတယ်။

အခုလိုမျိုး စွမ်းဆောင်ရည်ရှိတဲ့ AI စံပြုပုံစံကိုရရှိနိုင်ဖို့အတွက် CAIR က ဟွားဝေကုမ္ပဏီနဲ့ လက်တွဲဆောင်ရွက်ခဲ့တာပါ။ အဓိကက ပြည်ပမှချစ်ပြားများအပေါ်မှီခိုနေရမှုကိုလျှော့ချနိုင်ဖို့အတွက် ဟွားဝေရဲ့ AI ချစ်ပြားများကိုရယူအသုံးပြုထားတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ Cares Copilot 2.0 ကို ကွမ်ကျိုးမြို့မှာရှိတဲ့ ဆွန်ယက်ဆန်တက္ကသိုလ်ဆေးရုံ၊ ဟောင်ကောင်မှာရှိတဲ့ ဝေလမင်းသားဆေးရုံတို့မှာ လက်တွေ့စမ်းသပ်မှုတွေ လုပ်ဆောင်နေတယ်လို့ CAIR ကထုတ်ပြန်ထားတာ တွေ့ရှိရပါတယ်။

**Ref: IE**

**K.H**



## BMW စက်ရုံမှာ ၄၀၀ ရာခိုင်နှုန်းမြင့်မားတဲ့ စွမ်းဆောင်ရည်နဲ့အလုပ်ဝင်နေတဲ့ Figure 02

Figure AI ဆိုတာက စက်ရုပ်များထုတ်လုပ်ရေးနည်းပညာကုမ္ပဏီတစ်ခုပါ။ အခုသူတို့က BMW မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီနဲ့ပူးပေါင်းပြီး လူတုစက်ရုပ်ရဲ့အဆင့်မြင့်စွမ်းဆောင်ရည်များကို ဖော်ထုတ်လိုက်နိုင်ပါပြီ။

လက်ရှိစွမ်းဆောင်ရည်မြင့်လူတုစက်ရုပ်ရဲ့အမျိုးအစားကိုတော့ Figure 02 လို့ခေါ်ပါတယ်။ Figure 02 ဟာ BMW စက်ရုံမှာ သာမန်အလုပ်သမားတစ်ဦးထက် ၄၀၀ ရာခိုင်နှုန်းမြင့်မားတဲ့ စွမ်းဆောင်ရည်နဲ့အလုပ်ဝင်နေပြီပဲဖြစ်ပါတယ်။

အခုလိုမျိုးတိုးတက်မှုတွေဟာ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းအတွက် တကယ့်ကို အလှည့်အပြောင်းကြီးတစ်ခုဖြစ်စေမယ်လို့ BMW ကုမ္ပဏီက ပြောထားပါတယ်။

သူတို့ထုတ်ပြန်ထားတဲ့ဗီဒီယိုထဲကနေတွေ့ရှိချက်အရဆိုရင် Figure 02 လူတုစက်ရုပ်ဟာ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းအတွက်လိုအပ်တဲ့နေရာချထားမှုကို တစ်ရက်လျှင် အကြိမ် ၁၀၀၀ အထိ လုပ်နိုင်တယ်လို့သိရပါတယ်။

ဒ့ါအပြင် Figure 02 လူတုစက်ရုပ်ဟာ တိကျမှုလိုအပ်တဲ့အပိုင်းမှာလည်း စွမ်းဆောင်ရည်ကမြင့်မားလွန်းနေတာကို တွေ့ရတယ်လို့ Figure AI ရဲ့အမှုဆောင်အရာရှိချုပ်ကပြောထားပါတယ်။

**Ref: IE**

**K.H**



MILITARY

## လက်နက်များကို လေထဲမှာသာမက ရေထဲမှာပါ မြင့်မားလှတဲ့အမြန်နှုန်းနဲ့သွားနိုင်စေမယ့် ကမ္ဘာ့ပထမဆုံးရမ်ဂျက်



တရုတ်သိပ္ပံပညာရှင်များက အသံနှုန်းလွန်ဒုံးကျည်အတွက် ရည်မှန်းထားတဲ့ အင်ဂျင်တစ်မျိုးကို စမ်းသပ်မှုလုပ်လိုက်ပါတယ်။ အမျိုးအစားကတော့ ရမ်ဂျက်အင်ဂျင်အမျိုးအစားပါ။ သူက ဘိုရွန်ဒြပ်စင်ကိုအသုံးပြုထားတာဖြစ်ပါတယ်။

သိပ္ပံပညာရှင်များက ရမ်ဂျက်အင်ဂျင်ကိုအသံနှုန်းလွန်ဒုံးကျည်များအတွက်သာရည်ရွယ်ခဲ့ပေမယ့် လေထဲမှာသာမက ရေထဲမှာပါ အလွန်မြင့်မားလှတဲ့အမြန်နှုန်းနဲ့သွားလာနိုင်စေဖို့အတွက် ဒီဇိုင်းပိုင်းကို ပြန်လည်ပြင်ဆင်ရေးဆွဲလိုက်ပါတယ်။

အရင်တုန်းကဆိုရင် ရမ်ဂျက်အင်ဂျင်ဆိုတာနဲ့ လေကိုသာရှူသွင်းပြီးပေါက်ကွဲမှုကိုထုတ်ပေးတာပါ။ အခုတော့ လေကိုသာမက ရေကိုပါရှူသွင်းနိုင်ပြီး ပေါက်ကွဲမှုကိုထုတ်ပေးနိုင်အောင် ပညာရှင်များက ပြန်လည်ဖန်တီးလိုက်တာဖြစ်ပါတယ်။


ဓာတ်ခွဲခန်းရဲ့စမ်းသပ်မှုတွေမှာတော့ အဲဒီအင်ဂျင်က ရေအောက်အသုံးပြုအနေအထားမှာ တွန်းကန်အားထုတ်လွှတ်ပေးမှုစွမ်းဆောင်ရည်က ၉၀ ရာခိုင်နှုန်းရရှိတာကိုတွေ့ရပါတယ်။

ဒီလိုမျိုးစွမ်းဆောင်ရည်ရှိတဲ့ အင်ဂျင်ဟာ ကမ္ဘာပေါ်မှာပထမဆုံးပါ။ သူတို့က လေထဲမှာ အသံထက်မြန်တဲ့နှုန်းနဲ့သွားနိုင်စေမှာဖြစ်သလို ရေထဲမှာလည်း ရေမိုင် ၂၀၀ နှုန်းနဲ့သွားနိုင်စေပါလိမ့်မယ်။ ဒါကြောင့် လေယာဉ်တင်သင်္ဘောများကဲ့သို့ သိပ်ကိုဖျက်ဆီးရခက်ခဲတဲ့ပစ်မှတ်တွေကိုပါ ရေထဲကနေအလွယ်တကူ တိုက်ခိုက်နိုင်တော့မှာဖြစ်ပါတယ်၊ ဒီအတွက်ကြောင့်အနာဂတ်မှာ စစ်ပွဲအခြေအနေတွေကိုပြောင်းလဲသွားစေနိုင်ပါတယ်။

**Ref: IE**

**K.H**

## အမေရိကန်ရေတပ်က ရေငုပ်သင်္ဘောများမှာ အနိမ့်ပျံနျူကလီးယားဒုံးကျည်များပြန်လည်တပ်ဆင်သွားမည်



အမေရိကန်ရေတပ်က နှစ်ပေါင်း ၃၀ လောက်ကြာပြီးမှ သူတို့ရဲ့ရေငုပ်သင်္ဘောတွေမှာ အနိမ့်ပျံနျူကလီးယားဒုံးကျည်တွေကိုပြန်လည်တပ်ဆင်သွားတော့မယ်လို့ဆိုပါတယ်။ ဒါကြောင့် အမေရိကန်ရေတပ်က နျူကလီးယားလက်နက်တပ်ပင်လယ်ပြင်အခြေပြုအနိမ့်ပျံဒုံးကျည်ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဒီလိုအဆိုပြုလွှာခေါ်ယူမှုအတွက်ရည်မှန်းချက်က ၂၀၃၄ ခုနှစ်အရောက်မှာ ဒီလိုလက်နက်တွေကို လက်တွေ့အသုံးပြုနိုင်စေဖို့ဖြစ်ပြီး ရှေ့ပြေးပုံစံကိုတော့ လာမယ့်သုံးနှစ်အတွင်း စမ်းသပ်မှုတွေလုပ်ပြရမယ်လို့ဆိုပါတယ်။

၁၉၉၁ ခုနှစ်တုန်းက ပင်လယ်ပြင်အခြေပြုနည်းဗျူဟာမြောက်နျူကလီးယားလက်နက်တွေအားလုံးကို ဖြုတ်သိမ်းရမယ်လို့ အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်(ရှ်)က ညွှန်ကြားခဲ့တာပါ။ အဲဒီအချိန်ကစလို့ ရေတပ်က သူတို့ရဲ့လက်နက်တွေကိုဖြုတ်သိမ်းခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ၂၀၁၈ ခုနှစ် နျူကလီးယားရပ်တည်ချက်ဆိုင်ရာသုံးသပ်ချက်မှာတော့ ဒေါ်နယ်ထရမ့်အစိုးရက နျူကလီးယားလက်နက်တပ်ပင်လယ်ပြင်အခြေပြုအနိမ့်ပျံဒုံးကျည်တွေကိုထုတ်လုပ်သွားဖို့ အကြံပေးခဲ့တာဖြစ်ပြီး အခုမှအကောင်အထည်ဖော်တာဖြစ်ပါတယ်။

**Ref: IE**

**K.H**

# ဂျိုးဘိုင်ဒင်က လက်ကျန်သမ္မတသက်တမ်းကာလအတွင်း ယူကရိန်းကို လက်နက်များဆထက်တိုး၍ပိုမိုထောက်ပံ့ရန်ကြိုးစားနေ

ဝါရှင်တန်ဒီစီ၊ လုံခြုံရေး

လက်ရှိအမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ရွေးကောက်ပွဲတွင်အနိုင်ရရှိသည့် ဒေါ်နယ်ထရမ့်မတက်လာမီ ၎င်း၏လက်ကျန်သမ္မတသက်တမ်းကာလအတွင်း ယူကရိန်းကို လက်နက်များဆထက်တိုး၍ ပိုမိုထောက်ပံ့ရန် ကြိုးစားနေကြောင်း Bloomberg သတင်းဌာနကဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဂျိုးဘိုင်ဒင်အစိုးရ၏ လက်ရှိနည်းလမ်းများမှာအကန့်အသတ်ရှိနေကြောင်း၊ ယူကရိန်းအပေါ် စစ်လက်နက်ပစ္စည်းများအတွက် ထောက်ပံ့ပေးနိုင်သည့်ပမာဏမှာလည်း များစွာမကျန်တော့ကြောင်း၊သို့မဟုတ်ဘဲထောက်ပံ့မှုများကိုအတင်းလုပ်ဆောင်ပါက အမေရိကန်၏ ကာကွယ်ရေးစွမ်းရည်ကိုပင် ထိခိုက်စေမည်ဖြစ်ကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ထို့အတူ ယူကရိန်းကို NATO တပ်ဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်ဖိတ်ခေါ်ရေးအတွက် ပြည်သူများ၏ တောင်းဆိုချက်ရရှိအောင် ဆောင်ရွက်ရန်စဉ်းစားသေးသော်လည်း အောင်မြင်နိုင်ခြေမရှိသောကြောင့် ယူကရိန်းအစိုးရနှင့် လုံခြုံရေးနယ်ပယ်တွင် နှစ်နိုင်ငံကြား သဘောတူညီမှုများရရှိစေရေးလုပ်ဆောင်ရန်စဉ်းစားနေကြောင်း သတင်းဌာန၏ဖော်ပြချက်တွင်တွေ့ရသည်။

အမေရိကန်က ယူကရိန်းသို့စစ်လက်နက်ပစ္စည်းများထောက်ပံ့ပေးရုံသာမက ရုရှားနယ်မြေကိုတိုက်ခိုက်ရာတွင် ထိုစစ်လက်နက်များကိုအသုံးပြုခွင့်ပေးခြင်းက ရုရှား-ယူကရိန်းပဋိပက္ခ၌ တိုက်ရိုက်ပါဝင်ပတ်သက်လာသည့်သဘောကိုဆောင်နေသောကြောင့် ဂျိုးဘိုင်ဒင်အစိုးရ၏ယူကရိန်းနှင့်ပတ်သက်သမျှသောလုပ်ဆောင်ချက်မှန်သမျှသည် တင်းမာမှုများကိုသာမြင့်တက်လာစေကြောင်းသိရသည်။

Ref: Sputnik



# မနီလာမြို့ရှိ ဆင်းရဲသားရပ်ကွက်၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား မိသားစု ၂၀၀၀ ကျော်အိုးမဲ့အိမ်မဲ့ဖြစ်

မနီလာ၊ မီးလောင်မှု

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ဆင်းရဲသားရပ်ကွက်တစ်ခု၌ နိုဝင်ဘာလ ၂၄ ရက်တွင် မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားရာ မိသားစု ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း မီးသတ်တပ်ဖွဲ့ကထုတ်ပြန်သည်။

အဆိုပါမီးလောင်မှုသည် မီးလောင်ခံရသောအိမ်များအနက် တစ်လုံး၏ဒုတိယအထပ်မှ စတင်ဖြစ်ပွားခြင်းဖြစ်သည်ဟု ယူဆရပြီး နေအိမ်အလုံး ၁၀၀၀ ကျော်မှာ မီးထဲပါသွားကြောင်း မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မီးလောင်မှုကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူအရေအတွက်ကိုမူ လက်ရှိအချိန်အထိမသိရသေးကြောင်း ပြည်တွင်းသတင်းဌာနများက ဖော်ပြထားသည်ကို တွေ့ရသည်။

မီးလောင်မှုကိုငြိမ်းသတ်နိုင်ရန် မီးသတ်ယာဉ် ၃၆ စီး၊ မီးသတ်ရေယာဉ်လေးစင်းနှင့် လေတပ်မှမီးသတ်ရဟတ်ယာဉ်နှစ်စင်းတို့၏အကူအညီကိုရယူခဲ့ရသည်ဟု မနီလာမီးသတ်တပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: Xinhua



# ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ် နိုင်ငံသို့ပြန်လာမည်

ဘန်ကောက်၊ ပြည်တွင်းရေး

ပြည်ပသို့ထွက်ခွာရှောင်တိမ်းလျက်ရှိသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်သည် နိုင်ငံသို့ပြန်လာမည်ဖြစ်ပြီး လက်ရှိတွင် တရားဝင်လုပ်ထုံးလုပ်နည်းများကိုဆောင်ရွက်လျက်ရှိကြောင်း ဖွေထိုင်းပါတီမှလွှတ်တော်ကိုယ်စားလှယ်ဟောင်းကပြောသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်က ၎င်း၏ညီမအနေဖြင့် ၂၀၂၅ ခုနှစ် ဆုန်ခရမ်ပွဲတော်မတိုင်မီတွင် နိုင်ငံသို့ပြန်လာမည်ဖြစ်ကြောင်းပြောပြီးနောက် ဖွေထိုင်းပါတီမှတာဝန်ရှိသူက ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ယင်လတ်ရှင်နာဝပ်သည် ၂၀၁၆ ခုနှစ်တွင် ဆန်စပါးထောက်ပံ့ရေးဆိုင်ရာအစီအစဉ်နှင့်ပတ်သက်၍ တာဝန်ပျက်ကွက်မှုဖြင့်တရားစွဲခံရခြင်းဖြစ်သော်လည်း ပြည်ပနိုင်ငံသို့ ထွက်ခွာရှောင်တိမ်းသွားခြင်းဖြစ်သည်။ ထို့နောက်တရားရုံးက ၎င်းကိုထောင်ဒဏ်ငါးနှစ်ကျခံစေရန်နှင့် ဖမ်းဆီးမိန့်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref: SCMP

## ယူကရိန်းပဋိပက္ခသတင်းတိုကဏ္ဍ

# ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းတစ်ခုတည်းဖြင့်သာ ယူကရိန်းပဋိပက္ခကိုဖြေရှင်းနိုင်မည်ဟု မာကယ်ပြော

လက်ရှိဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းတစ်ခုတည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ်ဟောင်း အိန်ဂျလာမာကယ်ကပြောသည်။

အထူးသဖြင့် အနောက်နိုင်ငံများအနေဖြင့် ရုရှားနှင့်ဆွေးနွေးညှိနှိုင်းမှုများလုပ်ရမည်ဖြစ်ကြောင်း၊ ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ယူကရိန်းကိုဘက်မလိုက်သည့်လွတ်လပ်သောနိုင်ငံအဖြစ် ထားရှိပေးရမည်ဖြစ်ကြောင်း မာကယ်ကပြောထားသည်။

ဂျာမနီအစိုးရ၏ ယူကရိန်းနိုင်ငံဆိုင်ရာမူဝါဒများအပေါ်ထောက်ခံကြောင်း၊သို့သော် လက်ရှိအချိန်သည် တွေ့ဆုံဆွေးနွေးညှိနှိုင်းရမည့်အချိန်ဖြစ်ကြောင်း၊ စစ်ရေးနည်းလမ်းတစ်ခုတည်းဖြင့် ငြိမ်းချမ်းရေးမရနိုင်ကြောင်း မာကယ်ကပြောသည်။

၂၀၀၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဝန်ကြီးချုပ်တာဝန်များကိုထမ်းဆောင်ခဲ့သည့် အိန်ဂျလာမာကယ်သည် ၂၀၁၄-၂၀၁၅ မင့်(စ်)သဘောတူစာချုပ်အတွက် အဓိကအာမခံသူတစ်ဦးလည်းဖြစ်သည်။

Ref: RT

# ဥရောပသမဂ္ဂအနေဖြင့် ရုရှားနှင့်စစ်ဖြစ်ရန် အသင့်မဖြစ်သေးကြောင်း ယူကရိန်းသံအမတ်ကြီးပြော

ဥရောပသမဂ္ဂအနေဖြင့် ရုရှားနိုင်ငံနှင့် စစ်ဖြစ်ရန်အသင့်မဖြစ်သေးကြောင်းနှင့် ဥရောပ၏လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်အရေအတွက်မှာလည်း ရုရှား၏ တိုက်ခိုက်မှုများကို ပယ်ရှားတွန်းလှန်နိုင်သည်အထိ မလုံလောက်ကြောင်း ဗြိတိန်နိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကြီးကပြောသည်။

အောက်တိုဘာလအတွင်း ရုရှားနိုင်ငံက ဒရုန်းများနှင့်ဒုံးကျည်ပေါင်း ၁၈၀၀ ကျော်ဖြင့် ယူကရိန်း၏ဓာတ်အားလိုင်းများကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ နိုဝင်ဘာလတွင်မူ ထိုသို့တိုက်ခိုက်မှုလုပ်သည့်အရေအတွက်မှာ ၃၀၀၀ ကျော်အထိမြင့်တက်လာကြောင်း ယူကရိန်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းဖြစ်သည့် ဗယ်လာရီဇလူရှနီက Ukrainskaya Pravda သတင်းဌာနနှင့်အင်တာဗျူးတွင် ပြောထားသည်။ ဥရောပနိုင်ငံများအနေဖြင့် ယနေ့အချိန်အခါ၌ ပတ်ထရီးယော့ဒုံးကျည်အစင်း ၅၀၀၀ ပင် မပိုင်သေးဟု ၎င်းကဆက်ပြောသည်။

Ref: RT

# ပြင်သစ်က ယူကရိန်းကို ဇာတ်သိမ်းစေရန်လုပ်နေသည်ဟု ရုရှားအစိုးရပြော

ပြင်သစ်အစိုးရသည် ယူကရိန်းနိုင်ငံကို ဇာတ်သိမ်းစေရန်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာကပြောသည်။

ပြင်သစ်က အမေရိကန်နှင့်ဗြိတိန်တို့နည်းတူ ယူကရိန်းအနေဖြင့် ရုရှားနယ်မြေများကိုတိုက်ခိုက်ရာတွင် ၎င်းတို့၏ တာဝေးပစ်လက်နက်များကိုအသုံးပြုခွင့်ပေးကြောင်း ထုတ်ပြန်ပြီးနောက် ရုရှားက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ပြင်သစ်အစိုးရအနေဖြင့် ယူကရိန်းအစိုးရကိုထောက်ပံ့ရာတွင် မည်သို့သောသတ်မှတ်ချက်မျှမထားကြောင်း၊ ယူကရိန်းအနေဖြင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့်အနေဖြင့် ရုရှားနယ်မြေများကို တာဝေးပစ်လက်နက်များဖြင့် တိုက်ခိုက်ခွင့်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကပြောထားသည်။

သို့သော် ပြင်သစ်၏ခွင့်ပြုမှုများသည် ယူကရိန်းနိုင်ငံအတွက် အထောက်အပံ့မဖြစ်စေဘဲ ယင်းနိုင်ငံကိုသာဇာတ်သိမ်းသွားစေနိုင်ကြောင်း မာရီယာဇာခါရိုဗာကပြောထားခြင်းဖြစ်သည်။

Ref: RT

# ဥရောပနိုင်ငံများအနေဖြင့် စစ်ပွဲကိုအားမပေးရန် မက်ဗီဒက်သတိပေး

ဥရောပနိုင်ငံများအနေဖြင့် စစ်ပွဲကိုအားမပေးရန်၊ သို့မဟုတ်ပါက ဗုံးခိုကျင်းများကလည်း အထောက်အပံ့ဖြစ်စေမည်မဟုတ်ကြောင်းနှင့် တစ်ခုတည်းသောမျှော်လင့်ချက်မှာ ရုရှားကတိုက်ခိုက်မည်ဟုကြိုတင်သတိပေးခြင်းသာဖြစ်ကြောင်း ရုရှားထိပ်တန်းတာဝန်ရှိသူနှင့် သမ္မတဟောင်းဖြစ်သည့် ဒီမီထရီမက်ဗီဒက်က သတိပေးထားသည်။

ရုရှားနိုင်ငံက ယူကရိန်းရှိပစ်မှတ်တစ်ခုကို တာလတ်ပစ်အသံနှုန်းလွန်အမြင့်ပျံဒုံးကျည်ဖြစ်သော Oreshnik ဖြင့်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မက်ဗီဒက်ကသတိပေးထားခြင်းဖြစ်သည်။

ထိုဒုံးကျည်စနစ်၏စွမ်းဆောင်ရည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထိုဒုံးကျည်တွင်နျူကလီးယားထိပ်ဖူးများသာတပ်ဆင်လိုက်ပါက မည်ကဲ့သို့ဆက်ဖြစ်မည်ကိုလည်း တွေးထားရမည်ဖြစ်ကြောင်း၊ မိနစ်ပိုင်းအတွင်းမှာပင် ပျက်စီးမှုများကမမျှော်မှန်းနိုင်အောင်ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့်အကောင်းဆုံးမှာ ဥရောပနိုင်ငံများအနေဖြင့် စစ်ပွဲကိုအားမပေးခြင်းဖြစ်ကြောင်း ၎င်းကပြောထားသည်။

Ref: RT

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရှင်နှင့် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့က ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုစာပေဆုရှင်များအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေ့တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ စာပေဆုရှင်တို့၏ ရင်တွင်းစကားသံအချို့အား စုစည်းဖော်ပြလိုက်ရပါသည်။**



ကနောင်နိုင်နွယ်ဦး



စဆနိုင်



ခက်လှိုင်းကျော်



မောင်ချိုဝေ



သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)



နေစိုးသော်

**ကနောင်နိုင်နွယ်ဦး**
**စာပေဗိမာန်စာမူဆု**
**ကလေးစာပေ ပထမ**

ဦးဇင်းရဲ့ ကလောင်အမည်ကတော့ ကနောင်နိုင်နွယ်ဦးဖြစ်ပါတယ်။ "လမင်းမျက်နှာပန်းမျက်နှာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ(ကဗျာ) ပထမဆုကိုရရှိခဲ့ပါတယ်။

ယနေ့လူငယ် နောင်ဝယ်ခေါင်းဆောင်လို့ပြောချင်တဲ့စကားတွေကို ကလေးကဗျာပုံစံနဲ့ရေးဖွဲ့ပြထားပါတယ်၊ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ဆိုတဲ့အတိုင်း ကလေးကဗျာပုံစံအသစ်၊ ကလေးကဗျာ ကာရန်ယူပုံအသစ်များကို ကြိုးစားတီထွင်ရေးဖွဲ့ထားပါတယ်။ သင့်လျော်ရာကဗျာများကို ကလေးငယ်များ ဖတ်ရွတ်သီဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာန (မူကြို၊ မူ၊ လယ်) ကျောင်းများမှာ သင်ကြားပေးစေလိုကြောင်း မေတ္တာရပ်ခံလိုပါတယ်။

ယခုလို ပြောပြခွင့်ရတဲ့အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များအား ကဗျာလှုနဲ့တွေးထူးမြင်ရင်း ဂါရဝပြုကျေးဇူးတင်ပါကြောင်း။

**စဆနိုင်**
**အမျိုးသားစာပေဆု ကဗျာ(ဂန္ထဝင်)**

သားသမီးတိုင်းအပေါ် အညီအမျှထားတဲ့ မိခင်တိုင်းရဲ့ အနန္တမေတ္တာ၊ သွေးနဲ့အသက်ကို အချိန်မရွေးပေးဆပ်ရဲတဲ့ အနှိုင်းမဲ့သတ္တိ၊ ဘဝခြားသွားတဲ့အထိ မပြောင်းလဲတဲ့ အတုမရှိ ကရုဏာ ဒီဂုဏ်ရည်အားလုံးဟာ အမေ့ဆီမှာ တစုတဝေးတည်းရှိနေပါတယ်။ အမေ့ဆီကနေ ကိုယ်တွေ့ခံစားထုတ်နုတ်ယူပြီးမှ အမေ့အကြောင်းတွေကို ကဗျာဖွဲ့ခဲ့တာဟာ တကယ်တော့ အမေကိုယ်တိုင်ရင်ထဲထိထည့်ပေးလိုက်တဲ့ ကဗျာတွေဖြစ်လို့ "အမေပေးသောကဗျာများ"လို့ ခြုံငုံခေါင်းစဉ်တပ်လိုက်ရခြင်းဖြစ်ပါတယ်။

**ခက်လှိုင်းကျော်**
**စာပေဗိမာန်စာမူဆု**
**ကဗျာပေါင်းချုပ် ပထမ**

ကျွန်တော်က မြန်မာဂန္ထဝင်ကဗျာကို ခြောက်တန်းကျောင်းသားဘဝကတည်းက စွဲလမ်းလာခဲ့တာပါ။

"လွမ်းသလေ မန်းမြေတမိတော့
ကမ်းခြေမှာ စမ်းရေစတွေနဲ့
ဖြန်းလေက တသုန်သုန်"

ဆိုတဲ့ ကျောင်းသင်ရိုးပါ ကဗျာလေးကို ခဏခဏရွတ်ဆိုနေခဲ့မိပါတယ်၊ ဆယ်တန်းမှာ မြန်မာစာဆရာက အဖြည့်ခံရတု နှစ်ပိုဒ်ချပေးပြီး တစ်ပိုဒ်ဖြည့်ရေးခိုင်းရာမှာ ကျွန်တော်တစ်ယောက်တည်းသာဖြည့်ရေးပေးနိုင်လို့ မြန်မာစာဆရာ ဆရာဦးသိန်းက ပိုင်းလော့တံဆိပ် မင်ဖောင်တိန် ဆုချပေးအပ်ခဲ့တာလည်း နှစ်ခြောက်ဆယ်ကြာက ကျောင်းသားဘဝကို မမေ့နိုင်သေးပါဘူး။ အခုကဗျာဆုရတော့ သင်ကြားပေးခဲ့၊ အထုံပါရမီမျိုးစေ့ချပေးခဲ့တဲ့ ဆရာများအားလုံးကို ရည်မှန်းဦးချကန်တော့မိပါတယ်။ စာပေဆု ငါးကြိမ်ရခဲ့ပြီးပါပြီ။ ဆက်လက်ပြီးရေးနေဦးမှာပါ။ အသက် ၈၀ နှစ်ထဲရောက်ပါပြီ။ ဝါသနာနောက်မှာ စေတနာ၊ ဆန္ဒရှိနေဆဲပါ။ အခြားလူငယ်ကဗျာဆရာ၊ စာရေးဆရာလေးများကို ကြိုဆိုပါတယ်။

ဆုရွေးချယ်ပေးအပ်ကြတဲ့စာပေပညာရှင်အကဲဖြတ်လူကြီးများ၊ အားပေးဂုဏ်ပြုကြတဲ့ စာပေမိတ်ဆွေများကို ကျေးဇူးတင်ပါတယ်။ မြန်မာစာပေရေစီးအရှိန်အဟုန်ကြီးပါစေ။

**မောင်ချိုဝေ**
**စာပေဗိမာန်စာမူဆု**
**ကဗျာပေါင်းချုပ် တတိယ**

စာပေဗိမာန်စာမူဆုဆိုတာ ကျွန်တော်တို့ စာရေးဆရာတွေရဲ့မှတ်ကျောက်ဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ ကဗျာရေးဖို့က မွေးရာပါဝါသနာတစ်ခုပါ။ ကဗျာလေးတွေဟာ အနုပညာပစ္စည်းလေးတွေဖြစ်ပါတယ်။ ဒီအနုပညာပစ္စည်းလေးတွေရဖို့ ကျွန်တော်တို့ ဦးနှောက်ရောနှလုံးသားရော စိုက်ထုတ်ဖန်တီးရပါတယ်။ ရလာတဲ့ အနုရသပစ္စည်းလေးတွေကို တန်ဖိုးအဆုံးအဖြတ်ပေးမယ့် ပညာရှင်တွေလက်ထဲကိုအပ်ပြီး အဆုံးအဖြတ်ခံယူရတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူပြိုင်ပွဲ (ကဗျာပေါင်းချုပ်ဆု) တတိယ ရပါတယ်။ ကျွန်တော့်ထက် အနုပညာဖန်တီးအားကောင်းတဲ့ ဆရာကြီးတွေရှိပါတယ်။ ကျွန်တော့်ကဗျာလေးတွေကို မြန်မာစာပေလောကအတွက် စာအုပ်တစ်အုပ်ထုတ်ပြီး ထားရစ်ခဲ့မယ်လို့ ဆုံးဖြတ်မိပါတယ်။ မကြာခင်မှာ ကဗျာချစ်သူတွေလက်ထဲကို ကျွန်တော့်ကဗျာစာအုပ်ထည့်ပေးပါမယ်။ ယာထဲကကြေးစည်သံ မည်မျှသာသနည်း၊ မည်မျှမေတ္တာပမာဏကြီးသနည်း သိနိုင်ကြမယ့် အကြောင်းအသိပေးရင်း မြဝတီသတင်းစာ စာတည်းအဖွဲ့ကို ကျေးဇူးတင်ပါကြောင်းလည်း စကားလက်ဆောင်ပါးလိုပါတယ်။

**သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)**
**စာပေဗိမာန်စာမူဆု**
**မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ တတိယ**

ကျွန်မကတော့ သျှင်မိုးခင် (ယဉ်ကျေးမှုတက္ကသိုလ်) ဖြစ်ပါတယ်ရှင်။ "ပျိုလေးကြိုလှည့်ပါ" စာမူနဲ့ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိခဲ့ပါတယ်။

ဇာတ်သဘင်ပညာရှင်တိုင်း၊ အကဝါသနာရှင်တိုင်း "နတ်ကတော်အက၊ အပျိုတော်အက" လို့ ပြောလိုက်တာနဲ့ သိကြပါတယ်။ ဒါပေမဲ့ "နတ်ကတော်အက" နဲ့ "အပျိုတော်အက" ကို ကွဲကွဲပြားပြားသိရှိသူနည်းပါးပါတယ်၊ ဒီစာအုပ်ကို "နတ်ကတော်အက"နှင့် "အပျိုတော်အက" ကွဲလွဲခြားနားချက်များကိုသိရှိစေရန် ကျွန်မတို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသနပြုလိုသူတွေအတွက် မှီငြမ်းကိုးကားစရာစာအုပ်အဖြစ် အထောက်အကူဖြစ်စေလိုတဲ့အတွက် ရေးသားပြုစုခြင်းဖြစ်ပါတယ်။

ကျွန်မရေးသားပြုစုခဲ့တဲ့ "ပျိုလေးကြိုလှည့်ပါ" စာအုပ်လေးကြောင့် "နတ်ကတော်အက" အကြောင်းသိရှိသွားကြလျှင် ကျွန်မရေးသားပြုစုရကျိုးနပ်ပါပြီရှင်။ ဒီစာမူလေးကို ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု (တတိယ) ဆုအဖြစ် ရွေးချယ်ပေးခဲ့ကြတဲ့ စာပေဗိမာန်စာမူစိစစ်ရေးအဖွဲ့ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်မရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းကိုလည်း ဂါရဝပြုကျေးဇူးတင်ပါတယ်ရှင်။ မြန်မာပြည်သူပြည်သားများ ကိုယ်၊ စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေ။

**နေစိုးသော်**
**စာပေဗိမာန်စာမူဆု**
**ပြဇာတ်စာပေ ဒုတိယ**

ကျွန်တော် နေစိုးသော်ပါ။ ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ဒုတိယဆုကိုရရှိခဲ့ပါတယ်။

ကျွန်တော်တို့စာပေလောကမှာပြဇာတ်ဟာ မှေးမှိန်နေပါတယ်။ ဝတ္ထုတို၊ ဝတ္ထုရှည်တို့လို စာပေပရိသတ်ရဲ့စိတ်ဝင်စားမှု မရပါဘူး။ ကျွန်တော်က စာပေမှာရောရုပ်ရှင်မှာပါ ကျင်လည်နေသူဖြစ်ပြီး ဇာတ်ညွှန်းတွေများစွာရေးနေသူဖြစ်ပါတယ်။ ဇာတ်ညွှန်းသမားတစ်ယောက်အနေနဲ့ ပြဇာတ်စာပေကို ပိုမိုမြင့်မားထွန်းတောက်လာစေချင်တဲ့ဆန္ဒနဲ့ ပြဇာတ်ရေးပြီး စာမူပြိုင်ပွဲဝင်ဖြစ်တာပါ။

ဆုရပြဇာတ်စာမူအမည်က "ချစ်ပန်းမှုံ" ပါ။ ကျွန်တော်တို့လူအများစုဟာ အစဉ်အလာ ရှေးရိုးစွဲအယူအဆတွေနဲ့ လက်ခံယုံကြည်လာတာတွေကို ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျ ကျ ဆင်ခြင်တွေးဆပြီးမှ လက်ခံယုံကြည်ကြစေချင်တဲ့ ရည်ရွယ်ချက်၊ အမုန်းတရားကို မေတ္တာတရားက အောင်နိုင်တယ်ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ရေးခဲ့တာဖြစ်ပါတယ်။ ပြဇာတ်စာပေတိုးတက်ရေးအတွက် အကျိုးပြုခွင့်ရတဲ့အတွက် များစွာပီတိဖြစ်မိပါတယ်။ စာပေတာဝန်ကို အုတ်တစ်ချပ်သဲတစ်ပွင့် ထမ်းဆောင်ခြင်းလို့လည်း ခံယူပါတယ်။

ဆုရွေးချယ်ရေးအဖွဲ့နဲ့ စာပေဗိမာန်စာမူဆု ရွေးချယ်ချီးမြှင့်ခြင်းအတွက် အထူးကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ညိုမောင်**

**❑ ကျောဖုံးမှအဆက်**

(Well Marked Low Pressure Area)အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာလ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရပါသည်။

(မိုး/ဇလ)

**မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဘုရင့်နောင်ကုန်စည်ဒိုင်၌ နွေကြက်သွန်နီလက်ကျန်များ ရောင်းအားကောင်းနေ



ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နေ့စဉ် ကြက်သွန်နီပိဿာတစ်သောင်းခန့်ပါရှိသော ကုန်တင်ယာဉ်အစီးရေ ၁၅ စီးနှင့် အစီး ၂၀ ကြား ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးကွက်အတွင်း နွေကြက်သွန်နီလက်ကျန်များ ရောင်းအားကောင်းနေကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

လာမည့် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ မိုးကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာတော့မည်ဖြစ်ပြီး လက်ရှိတွင် နွေကြက်သွန်နီလက်ကျန်များကိုသာ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့နေရသဖြင့် ရောင်းအားကောင်းနေကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ နွေကြက်သွန်နီလက်ကျန်တွေ အနည်းငယ်ကျန်နေသေးတဲ့အတွက် မကြာမီ မိုးကြက်သွန်နီအသစ်တွေပေါ်လာရင် ဈေးအနည်းငယ် ကျသွားနိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြင်းခြံ၊ ပခုက္ကူ၊ တောင်သာနှင့် မြစ်သား စသည့်ဒေသများအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ စိုက်ပျိုးထွက်ရှိသော ကြက်သွန်နီများ အဓိကဝင်ရောက်ပြီး အဆိုပါကြက်သွန်နီများကို ပြည်တွင်းဈေးကွက်အနေဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် စသည့်ဒေသတို့သို့ အများဆုံးတင်ပို့လျက်ရှိသည်။

ထို့ပြင် ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံမှတစ်ဆင့် ဗီယက်နမ်၊ မလေးရှား စသည့်နိုင်ငံတို့သို့ နှစ်စဉ် ကြက်သွန်နီတန်ချိန် ၇၀၀၀၀ နှင့် ၈၀၀၀၀ ကြား တင်ပို့နေရကြောင်း၊ ထိုသို့ ပြည်တွင်း၊ ပြည်ပဝယ်လိုအားရှိသည့်အတွက် ပြည်တွင်းမှ ကြက်သွန်နီစိုက်တောင်သူများကလည်း ယခင်ကထက် တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဆောင်းဦး**

# မအူပင်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၂၀၀၈ ဧက စိုက်ပျိုးမည်

မအူပင် နိုဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲ ၂၀၀၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောကြားချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၂၀၀၈ ဧကကို နိုဝင်ဘာလတတိယပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါမြေပဲများအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးနည်းပညာများနှင့်လိုအပ်သည့်စိုက်ပျိုးရေးသွင်းအားစုများကို သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်တစ်ခုလုံးအနေနဲ့ မြေပဲ ၂၀၀၈ ဧကအထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ မြေပဲဧကအားလုံး ရာနှုန်းပြည့် အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါအန္တရာယ်မကျရောက်စေဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ ဆက်လက်ပြီးလည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တာမွေမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၃ ရက်က အဆိုပါကျောင်းရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာကြီး ဦးထွန်းလင်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်များက အမှာစကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သင်ကြားရေးထူးချွန်ဆုရ ဆရာမနှစ်ဦးနှင့် ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးတို့အား အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်များက ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တစ်လျှောက်လုံး ထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# နတ်မောက်မြို့နယ်၌စိုက်ပျိုးထားသည့် အာဆီယံသပြေများ အောင်မြင်ဖြစ်ထွန်း

နတ်မောက် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ကျေးလက်နေပြည်သူများ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိစေရန် အာဆီယံသပြေစိုက်ပျိုးခြင်းလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အာဆီယံသပြေစိုက်ပျိုးသူများ၏ ပြောပြချက်အရ သိရသည်။

"အာဆီယံသပြေ စိုက်ပျိုးတဲ့အခါ စိုက်ပျိုးပြီး နှစ်နှစ်အကြာမှာ လှိုင်လှိုင်ချိုးယူပြီး ဈေးကွက်ကို တင်ပို့ရောင်းချရပါတယ်။ အာဆီယံသပြေက တခြားသပြေတွေထက် လူကြိုက်များတဲ့အတွက် ပိုပြီးတော့ရောင်းအားကောင်းပါတယ်"ဟု နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာမှ အာဆီယံသပြေစိုက်ပျိုးရောင်းချသူ ဒေါ်စာစာကပြောသည်။

နတ်မောက်မြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေသည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အိမ်ခြံအတွင်းနှင့် ယာမြေတို့၌ တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြကာ ငှက်ပျော၊ သင်္ဘော၊ ခရမ်း၊ ဆူးပုပ်၊ ကန်စွန်း စသည့်ဟင်းသီးဟင်းရွက်မျိုးစုံနှင့် အာဆီယံသပြေတို့ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**လှဝင်း**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲကိုယ်စီရရှိကြသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၃ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၈၃ မိနစ်တွင် မြတ်ကောင်းခန့်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး နာကျင်အချိန်ပို ၄ မိနစ်တွင် ဥက္ကာနိုင်၊ ပွဲချိန် ၄၈ မိနစ်တွင် သစ္စာအားမာန်အသင်းမှ Saw Htoo Pwe Moo က ကိုယ့်ဂိုးကို သွင်းယူခဲ့မိပြီး ပွဲချိန် ၈၁ မိနစ်တွင် ဝေလင်းအောင်တို့ကသွင်းယူပေးနိုင်ခဲ့ကာသစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇ မိနစ်တွင် နိုင်ဝင်းထွန်း၊ ပွဲချိန် ၆၁ မိနစ်တွင် စောမျိုးဇော်တို့ကသွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်၍ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ဆက်လက်ကစားခဲ့ရာ ဒဂုံစတားအသင်းက ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဆွမ်လမန်၊ ပွဲချိန် ၄၉ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

# အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်ဥများကိုသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်ဖြစ်သည့်ကြက်ဥများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းစိန်မြို့နယ် အောင်ဆန်းဈေးရှေ့တွင်လည်းကောင်း၊ ရွှေပြည်သာမြို့နယ် နဝရတ်ဈေးရှေ့တွင်လည်းကောင်း ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် ကိုယ်တိုင်ထုတ်လုပ်သူများက ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး အများပြည်သူ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ (အရှေ့ပိုင်း)နှင့်လှိုင်သာယာ (အနောက်ပိုင်း)၊ မရမ်းကုန်း၊ လှိုင်၊ မြောက်ဥက္ကလာပ၊ သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ တာမွေ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံဆိပ်ကမ်း၊ ဗိုလ်တထောင်၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ သာကေတ၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ဒဂုံ၊ အလုံနှင့် ကမာရွတ် အစရှိသည့်မြို့နယ်တို့ရှိဈေးများတွင် အများပြည်သူသက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် အခြေခံစားကုန်ကြက်ဥများကို ရောင်းချပေးခဲ့ကြောင်းနှင့်နောက်ရက်များတွင်လည်း ဆက်လက်ရောင်းချပေးသွားရန် စီစဉ်ထားကြောင်းသိရသည်။ **လင်းခန့်**



# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲများရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း၊ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲများရရှိကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တောင်ဒဂုံအားကစားကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၉ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ရဲဝင်းအောင်၊ ပွဲချိန် ၃၉၊ ၅၆ နှင့် ၆၉ မိနစ်တို့တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၆၄ မိနစ်နှင့် ၆၇ မိနစ်တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၈၄ မိနစ်နှင့် ၈၉ မိနစ်တွင် မင်းသူနှင့် ပွဲချိန် ၈၇ မိနစ်တွင် နိုင်ကိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် စလင်းအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် စောမင်းခန့်နိုင်၊ ပွဲချိန် ၇၅ မိနစ်တွင် သန်းထိုက်အောင်၊ ပွဲချိန် မိနစ် ၈၀ တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေ့ါအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် နိုင်ကိုကိုက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ပွဲချိန် ၅၅ မိနစ်တွင် ဟန်မျိုးဇင်နှင့်ပွဲချိန် ၅၇ မိနစ်တွင် ဖိုးသောကြာတို့က သွင်းယူပေးနိုင်ခဲ့ကာ ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၉ မိနစ်တွင် ကောင်းမင်းထွဋ်၊ ပွဲချိန် ၉၀+၃ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

# ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများအကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦးအား ဖုန်းမျိုးစုံ ၁၅ လုံးနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သူ စန်းထက်ဝေအား လုယက်မှုကျူးလွန်ရာတွင် စီးနင်းအသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီး၊ သက်သေခံလက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့နှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိရပ်ကွက်များအတွင်း၌ မော်တော်ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများအား လုယက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၆ ရက်နေ့ ညနေ ၆ နာရီ ၄၀ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်စီးနင်း၍ လုယက်မှုများကျူးလွန်သည်ဟု မသင်္ကာသူ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၁၁)ရပ်ကွက်၊ ငုရွှေဝါ(၅)လမ်း၊ အမှတ် (၅၈၆)၊ အခန်း(၄)နေ စန်းထက်ဝေ(၂၃)နှစ် (ဘ) ဦးဝင်းစန်းအား အမှတ်(၁၁)ရပ်ကွက်၊ ငုရွှေဝါ(၅)လမ်း၌ လုယက်မှုများကျူးလွန်စဉ်စီးနင်းအသုံးပြုခဲ့သည့် Bashan အမျိုးအစား အဖြူ/အပြာရောင်ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ တရားခံစန်းထက်ဝေသည်အောက်တိုဘာလ ၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်းမပေါ်၌ လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးထံမှ ဘေးလွယ်အိတ်အား လုယက်ထွက်ပြေးခဲ့ပြီး ၎င်းလွယ်အိတ်အတွင်းမှ TAB 8 Pro အမျိုးအစား Tablet ၁ လုံး၊ Samsung A05s အမျိုးအစား အစိမ်းရောင် လက်ကိုင်ဖုန်း ၁ လုံးနှင့် ငွေစက္ကူရောရာ ၁၀၀၀၀၀ ကျပ်တို့အားရရှိခဲ့ပြီး TAB 8 Pro အမျိုးအစား Tablet အား လမ်းသွားလမ်းလာကလေးငယ်တစ်ဦးအား ပေးအပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးချက်အရ တရားခံစန်းထက်ဝေသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိရပ်ကွက်များဖြစ်သည့် အမှတ်(၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၈ နှင့် ၄၄)ရပ်ကွက်အတွင်းရှိလမ်းများပေါ်တွင် သွားလာလျက်ရှိသည့် လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးအား ၁၀ ကြိမ်တိတိ ဆိုင်ကယ်စီးနင်း၍ ဆွဲယူလုယက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ပေါ်ပေါက်ချက်အရ လုယက်ရရှိထားသည့် လက်ကိုင်ဖုန်းများအား မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်ရှိ Mobile Point ဖုန်းရောင်းဝယ်ရေးဆိုင်ပိုင်ရှင်ဖြစ်သူ မင်းဇင်မောင်(ခ)ပါကြီး(၃၃)နှစ် (ဘ)ဦးကျော်ဝင်းထံတွင် ရောင်းချထားကြောင်းသိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ လုယက်မှုကျူးလွန်ရာမှရရှိသည့် Samsung A05s အမျိုးအစား လက်ကိုင်ဖုန်းအပါအဝင် လက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်စီးနင်း၍ လမ်းသွားလမ်းလာများထံမှ လက်ကိုင်ဖုန်းများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံ စန်းထက်ဝေနှင့် လုယက်မှုကျူးလွန်ရာမှရရှိသည့်သက်သေခံလက်ကိုင်ဖုန်းများအား လက်ခံဝယ်ယူထားရှိသူ မင်းဇင်မောင်(ခ)ပါကြီးတို့နှစ်ဦးအား သက်သေခံလက်ကိုင်ဖုန်းမျိုးစုံ ၁၅ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၌ လုယက်မှုတစ်ခုစီအတွက် အမှုအသီးသီးရေးဖွင့် ဆောင်ရွက်ထားရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများကျူးလွန်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀°c | / | ၃၁°c |
| ရန်ကုန် | ၂၂°c | / | ၃၅°c |
| မန္တလေး | ၂၀°c | / | ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၄-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| ပြင်ဦးလွင်မြို့ | ၇.၈ | ၄၆.၀ |
| ပင်လောင်းမြို့နှင့်တီးတိန်မြို့ | ၈.၆ | ၄၇.၅ |
| လွိုင်လင်မြို့ | ၉.၁ | ၄၈.၄ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၉.၄ | ၄၈.၉ |
| မြစ်ကြီးနားမြို့ | ၉.၇ | ၄၉.၅ |
| ဟဲဟိုးမြို့ | ၁၀.၀ | ၅၀.၀ |

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ ရေကျော်ပိုင်းနေ မောင်ဝေယံထွန်း(ဘ)ဦးအောင်ဇော်မင်း ၇/သနပ(နိုင်)၁၈၄၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၉၀၅၂၃၇၈



# ချယ်လ်ဆီးအသင်းမှထွက်ခွာရန် အစီအစဉ်မရှိသေးဟု အန်ကူကူပြောကြား



လန်ဒန် နိုဝင်ဘာ ၂၄

ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား အန်ကူကူက အသင်းတွင် အနာဂတ်မရေမရာဖြစ်နေသည့် သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေသော်လည်း အသင်းမှထွက်ခွာရန် အစီအစဉ်မရှိသေးဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် အန်ကူကူသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ချယ်လ်ဆီးအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် အနားယူနေရသည့်အတွက် ပြိုင်ပွဲစုံ ၁၄ ပွဲသာပါဝင်ကစားခဲ့ရပြီး သုံးဂိုးသာသွင်းယူနိုင်ခဲ့သည်။

အန်ကူကူသည် ယခုဘောလုံးရာသီတွင် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သော်လည်း နည်းပြမာရက်စ်ကာလက်အောက်တွင် ပွဲကစားခွင့်နည်းပါးနေပြီး နည်းပြမာရက်စ်ကာက အသင်းတိုက်စစ်ပိုင်းတွင် နီကိုလက်ဂျက်ဆင်နှင့် မက်ဒူကီတို့ကိုသာ အဓိက ကစားသမားအဖြစ်အသုံးပြုနေ၍ အန်ကူကူ အနေဖြင့် ၎င်းတို့နှစ်ဦးနောက်မှသာ ဒုတိယဦးစားပေးလူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားနေရခြင်းဖြစ်သည်။

အန်ကူကူသည် လိုက်ပဇစ်အသင်းတွင်ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ပြီးနောက် နည်းပြမာရက်စ်ကာလက်အောက်တွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပွဲထွက်ခွင့်ရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားရန်ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

သို့သော် အန်ကူကူက မိမိအနေဖြင့် အသင်းတွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် စိတ်ပျက်မိသော်လည်း အသင်းမှ ချက်ချင်းထွက်ခွာရန်အစီအစဉ် မရှိသေးဟု အတည်ပြုပြောကြားခဲ့သည်။

အန်ကူကူသည် ယခုဘောလုံးရာသီတွင် အသင်းနှင့်ပြိုင်ပွဲစုံ ၁၇ ပွဲပါဝင်ကစားခဲ့ကာ ၁၀ ဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ပါဝင်ကစားသည့်ပွဲစဉ်များတွင် ရှစ်ပွဲသာပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့ပြီး ကျန်ပွဲစဉ်များတွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရကြောင်း သိရသည်။

*Ref;The Athletic*

# ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပီအက်စ်ဂျီအသင်းကို အမ်ဘတ်ပီထံ အပိုဆုကြေးပေးချေရန်ဆုံးဖြတ်

ပဲရစ် နိုဝင်ဘာ ၂၄

ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ပီအက်စ်ဂျီအသင်းကို အမ်ဘတ်ပီထံပေးချေရန် ကျန်ရှိနေသည့် အပိုဆုကြေးအား ပေးချေစေရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

အမ်ဘတ်ပီသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းထံမှ အပိုဆုကြေးငွေ ယူရို ၅၅ သန်းရရှိရန် ကျန်ရှိနေခြင်းဖြစ်သည်။

အမ်ဘတ်ပီနှင့် ပီအက်စ်ဂျီအသင်းတို့ စာချုပ်ပါအချက်များအရ အမ်ဘတ်ပီအနေဖြင့် ပီအက်စ်ဂျီအသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ကစားခဲ့ပါက သစ္စာစောင့်သိကြေးအဖြစ် အပိုဆုကြေးငွေ ယူရို ၅၅ သန်းပေးချေမည်ဟုပါရှိခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက မပေးချေလိုသည့်အတွက် အစောပိုင်းက အမှုရင်ဆိုင်ရာတွင် ရှုံးနိမ့်ခဲ့သောကြောင့် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ ထပ်မံပြီး အယူခံတင်သွင်းရာတွင် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကပယ်ချပြီး အပိုဆုကြေးငွေပေးချေစေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;L'Equipe*

# ကွင်းလယ်ကစားသမားကိုဗာဆစ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်ခန့်အနားယူရမည်ဟု မန်စီးတီးအသင်းအတည်ပြု

မန်ချက်စတာ နိုဝင်ဘာ ၂၄

မန်စီးတီးအသင်းနှင့် ခရိုအေးရှားအသင်း ကွင်းလယ်ကစားသမား ကိုဗာဆစ်အနေဖြင့် ဥရောပနေးရှင်းလိဂ်ပွဲစဉ်များကစားရန် ခရိုအေးရှားအသင်းနှင့်သွားရောက်ပူးပေါင်းစဉ် ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်ခန့်အနားယူရမည်ဟု မန်စီးတီးအသင်းက အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ကိုဗာဆစ်သည် ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ် နိုဝင်ဘာလ ၁၉ ရက်က ကစားသည့် ခရိုအေးရှားအသင်းနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ကိုဗာဆစ်သည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအပြီးတွင် မန်စီးတီးအသင်းနှင့် ပြန်လည်ပူးပေါင်းစဉ် ကြွက်သားဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ်ဆေးစစ်မှုများပြုလုပ်ရာတွင် ဒဏ်ရာမှာ မပြင်းထန်သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနားယူရမည်ဖြစ်သောကြောင့် ရက်သတ္တသုံးပတ် သို့မဟုတ် လေးပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မန်စီးတီးအသင်းတွင် ဒဏ်ရာကြောင့် အနားယူနေရသည့် ကစားသမားအများစုရှိနေသည့်အတွက် အသင်းရလဒ်ပိုင်းများလည်း မတည်မငြိမ်ဖြစ်နေပြီး အသင်းကွင်းလယ်ပိုင်းတွင် ရိုဒရီဒဏ်ရာရရှိနေသည့်အတွက် ကိုဗာဆစ်ကို အဓိက ကစားသမားအဖြစ် အသုံးပြုနေရချိန်တွင် ကိုဗာဆစ်လည်း ဒဏ်ရာကြောင့် အနားယူရမည်ဖြစ်သောကြောင့် လာမည့်ပွဲစဉ်များအတွက် မန်စီးတီးအသင်း ကွင်းလယ်ပိုင်းတွင် လိုအပ်ချက်များဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Goal.com*

# အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ဖာဖရီဂတ်ပြီးနောက် အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် အန်ဝမ်နရီမှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၄

အာဆင်နယ်အသင်း လူငယ်ကွင်းလယ်ကစားသမား အန်ဝမ်နရီသည် အာဆင်နယ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဖာဖရီဂတ်ပြီးနောက် အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းက နော်တင်ဟမ်အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အန်ဝမ်နရီသည် ပွဲချိန် ၈၂ မိနစ်တွင် အိုဒီဂတ်၏နေရာ၌ လူစားဝင်ကစားပြီးနောက် ပွဲချိန် ၈၆ မိနစ်တွင် စတာလင်း၏ ဖန်တီးပေးမှုမှတစ်ဆင့် အသင်းအတွက် တတိယသွင်းဂိုး သွင်းယူနိုင်ခဲ့ကာ မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အန်ဝမ်နရီသည် အာဆင်နယ်အသင်းနှင့် နော်တင်ဟမ်အသင်းတို့ပွဲစဉ်၌ ပါဝင်ကစားချိန်တွင် ၎င်း၏ အသက်မှာ ၁၇ နှစ်နှင့် ၂၄၇ ရက်သာရှိသေးသည့်အတွက် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက်တွင် ဖာဖရီဂတ်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးသွင်းဂိုးရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အန်ဝမ်နရီသည် အာဆင်နယ်အသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်ကတည်းက ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ ပူးပေါင်းခဲ့သော်လည်း လူငယ်အသင်းတွင်သာ အဓိက ကစားခဲ့ပြီး ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ ပြိုင်ပွဲစုံခြောက်ပွဲကစားထားခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၃၃~၃၃၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Function Hall
Media Training
Theatre
Ball Room
Meeting Room
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


FLUORIDE ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTIST RECOMMENDED
DENTOMEC
DENTOMEC
DENTOMEC
FDA အမှတ်-2212 PCE 0013
ပင်ရင်းအရောင်းဌာန – ဖုန်း– ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
24 hr Whitening

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက် ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင် မြေအနေအထားကို ပိုင်ဆိုင်ထားရှိ. . .

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရာဂိမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများမှ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လွှဲပြောင်းပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၄

ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား အရပ်ဘက်ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ရုရှားနိုင်ငံနျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း (Rosatom)နှင့် Aquarius ကုမ္ပဏီများ အုပ်စုတို့ကပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

ဆောင်းပါး

**စစ်မှန်သော မျိုးချစ်စိတ်ဖြင့် ထုံလွှမ်းနေသော အမျိုးသားအောင်ပွဲနေ့**


စာ - ၁၃ သို့

ကဗျာ

**အမျိုးသားနေ့ သန္နိဋ္ဌာန်**

စာ - ၉ သို့

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်




နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း

စာမျက်နှာ ၂၄ ကော်လံ ၁ ❑

**မနီလာမြို့ရှိ ဆင်းရဲသားရပ်ကွက်၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား မိသားစု ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်**

စာ - ၂၃ သို့

**တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ**

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| မန်စီးတီး | ၀ - ၄ | စပါး |
| ဆောက်သမ်တန် | ၂ - ၃ | လီဗာပူး |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဆယ်လ်တာဗီဂို | ၂ - ၂ | ဘာစီလိုနာ |
| အိုဆာဆူနာ | ၂ - ၂ | ဗီလာရီးယဲလ် |
| ဂီရိုနာ | ၄ - ၁ | အက်စပန်ညို |


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com